၎င်းဆေးစုကို ပေါင်း၍ကြိတ်၊ မန္တာန်ကား ဥုံအင်္ဂိရဿနမတ္ထု သပ္ပဓညော ရညော၊ မနုဿ ဒေဝါနံ၊ ပိယံဟန္တု ပိယံမမ၊ ၁၀၀၀စုတ်၍ နဖူးဆံစမှာ သုတ်လိမ်း၊ မြင်မြင်သမျှ ချစ်၏။

## ပီယကျေးရုပ် စီရင်နည်း




နံ့သာနီကို။ ကျေးမရုပ် ထု၍။ ရှင်မွေးလွန်းဟု အမည်မှည့်နံ့သာဖြူကို။ ကျေးဖိုရုပ်ထု၍ မင်းနန္ဒာဟုအမည်မှည့်။ ရှင်မွေးလွန်းအမည်မှည့်သော ကျေးမရုပ်ကိုစုတ်ရန်မန္တာန်ကား ဥုံသေသေသံသံသွားဟ ၇၇ အုတ်စုတ်။ မင်းနန္ဒာအမည်မှည့်သော ကျေးဖိုစုက်ရန် မန္တာန်ကား ဥုံသံသံသေသေသွားဟ။ ၇၇အုတ်စုတ်၊ ၎င်းနောက်ကျေးနှစ်ကောင် ဖုတ်သွင်းရန်မန္တာန်ကား။ ဥုံငါမူအိမ်တွင် ဝင်ဆရာဝင်၊ ၇-အုတ်စုတ်၊ ၎င်းနောက် နံ့သာငါးပါး ရေတွင်စိမ်၍ စုတ်ရန်မန္တာန်ကား။ ဥုံ နေမင်းလမင်း ဗြဟ္မာမင်း ထဆရာ ထ ကြွဆရာကြွ။ ၇၇-အုတ်စုတ်။ အကျိုးကား မင်းအိမ်သို့ သွားသော် ခေါင်းပေါင်းတွင် ထည့်၍သွား ရုံးကိစ္စရှိလျှင် ကျေးနှစ်ကောင်လုံး ကြုတ်တွင်ထည့်၍ စကားပြော အမှုနိုင်၏။ မယုံ၍စမ်းလိုသော် ကျေးဖိုကျေးမကို ရေစိမ်၍ ကြက်တိုက်သော် သူတပါးကြက်မခွတ်နိုင်။ ဆီစိမ်၍ အမောက်ကို သုတ်သော်၊ ခွတ်တိုင်းနိုင်၏။ ကစားအမျိုးမျိုးကို နိုင်လိုသော် နှုတ်မှာငုံ၍ကစား၊ ကုလ္လာကိုလိုသော် နှုတ်ငုံ့စကားပြော ချစ်၏။ ပွဲတွေ့အကျော်။

## အကြမ်းတိုက်ပဋိယ မီးထွန်းစီရင်နည်း

| | | | |
|---|---|---|---|
| ၃ | ၁ | ၈ | ၅ |
| ၆ | ၇ | ၁ | ၃ |
| ၁ | ၄ | ၅ | ၇ |
| ၇ | ၅ | ၃ | ၂ |

အင်းဆံကား။ ည....ဦး ...ရံ.... မိ ...စံ ....ထွန်း ... ချမ်း ....ညိမ်း .... မြ....တ....ဦး....သာ....တ.... အောင် မြတ်လှ....ရင်း အင်း စီရင်နည်းကား။ မသာကတို့။ လှေကတို့။ လှည်းကတို့။ ပြည့်တံဆာ ကတို့။ ဘုန်းကြီးပျံကတို့။ နတ်ကိုးသောမတ်စေ့၊ ၎င်းငွေကိုပေါင်း၍၊ အရေကျိုပြီးအပြားခပ်။ ၎င်းငွေပြားကို၊ မသာ-ကိုးလောင်းပြည့်အောင်ထည့်ပြီး အပြားခပ် ဆီမီးခွက်ပုံလုပ်၍ ၎င်းအင်းကို ခရုပတ်အင်းဆံသွင်း၊ ကိုယ့်အဝတ်စ ကိုယ့်နံ-ကိုယ့်အမည်ရေး သူ့အဝတ်စမှာ သူ့အမည်-သူ့နံရေး၍ မီးဇာလုပ် မဆစ်ဆီ ၁-ကျပ်သားနှင့် ဆီမီးခွက်မှာထည့်၍ မီးထွန်းပါက ခရီးဘယ်လောက်ဝေးကွာသော်လဲ အမြန်လာရ၏။ ဥပမာ နားရှင်းအောင်ပြဦးအံ့ မခွေးကို လာစေလိုသော် သူ၏အင်္ကျီဘော်လီမှာ မခွေးဆိုသောကြောင့် တနင်းလာသွီးဖြစ်၍ အဝတ်စမှာ ၂-ရေးပြီးနောက်၊ မခွေးလာစေဟု-ရေး၍ နှစ်ပါးအဝတ်စကို မီးဇာကြက်ခြေကျစ်ပြီး မီးထွန်းပါ အမြဲလာနေကျအင်းမြတ်တည်း။ ဒိဋ္ဌပွဲတွေ့-ငွေ ၁၅ ိ-ပွဲတင်မှ လုပ်ပေးပါ ဆရာမှာသည်၊ သစ္စာရှိပါစေ။

## ဆင်မောန်စွယ် သိကြားရှုပ်စီရင်နည်း။

ဆင်မောန်စွယ်ကို၊ သိကြား ရှိခိုးဟန်ထု၊ ပွဲပြင်စုံစေ၊ ဘုရားတန်ခိုးကြီးရှေ့မှာ။ ဂါထာ၁၀၀၀-စုတ်။ ဥုံမုဒုစိတ္တ ဘန္တေ-ကုဗေဟိမောဟရန္တာဏ၊ သဗ္ဗသိန္ဓဟ ပိယံမမ။ ဥုံဗုဒ္ဓ ဝါ-ဓမ္မ ဝါ-သံဃ ဝါ၊ ဥုံရာဇ-ရာဇာသာ။ကုမ္မာရီကုမ္မာရသာ၊ ဥုံသမ္ဗယုတ္တ သွားဟဲ့ယကပ်၊ ပိယအလွန်ကောင်း၏။

## ပိယမီးထွန်းအင်းစီရင်နည်း။

| | | |
|---|---|---|
| ၆ | ၁၅ | ၈ |
| ၁၅ | | ၁၅ |
| ၁၂ | ၁၅ | ၁၀ |

တနင်းလာနှင့် ဗုဒ္ဓဟူးကို စံနမူနာ တင်၍ ပြထား၏၊ ၎င်းနည်းကို ကြည့်၍ ကြံလေ။ နံနှစ်မည်ယူဆ၍ ဒေါင့်အာယု ချပါ၊ နှစ် တိုး ကွယ်၊ အနုမျိုး ဝယ်၊ ကိတ်ဂြိုဟ်ထည့်လော်င်း၊ မူရင်းနှင့်နှုတ်၊ အောင်-ပလေဆိုကာထွက်လျှင်ဖြင့်၊ ကောင်မတွေ ငိုကာဖက် ပါလိမ့်၊ ပျိုကညာ လိုရာဆက်တယ်ကွယ်၊ ဟောဒီခေါတ်အင်း။ နတ်အိုး-ရေလုံအိုးကွဲ-သိမ်ဝင်သပိတ်ကွဲမှာ။ အင်းချ၍ မိမိလိုသူ အဝတ်စ၊ မိမိအဝတ်စ၊ ပေါင်းပြီး မီးဇာလုပ်၍ထွန်းပါ။

## ပိယကွမ်းမန်းစီရင်နည်း။

ဥုံတကျော့အစေး၊ ဂရုမ္ဘေးနှင့်၊ အစေးထန်စွာ–နင့်တကျော့သည် တကျော့ပြစ်ပြစ် မိန်းမပျက်တို့။ ကွမ်းရွက် နုဝါ၊ ကွမ်းနုဝါနှင့်၊ ဟော့တကျော့လည်းကျ၊ဟဲ့မိန်းမ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်။ ၎င်းဂါထာနှင့် ကွမ်းရာကို ၃၇–အုတ် ရွတ်၍ စားပြီး စကားပြောသော်။ မြင်မြင်သမျှလူအပေါင်းတို့ ချစ်ခင် မြတ်နိုး၏။

## ပိယမီးထွန်းအင်းစီရင်နည်း။

| | | |
|---|---|---|
| ၂၆ | ၂၀ | ၇၂ |
| ၅၃ | ၂၀ါးနံ | ၃၅ |
| ၄၇ | ၄၂ | ၆၅ |

၎င်း အင်းဆံကား။ သကာ၊ စံပျော် လက်တော်၊ကျယာ၊ သိဘာ၊ ပွင့်စံ၊ တော်ကြုံ၊ ရင်ကြူ။

၎င်းအင်းကိုထွန်းလိုသောအခါ၊ မဆစ်ဆီငါးမတ်သားနှင့် မီးဇာမှာ မိမိလိုသောအဝတ်စကိုယူ မီးဇာလုပ်၍ထွန်းလေ။ ပညာကိုနှိုင်းချိန်၍ သစ္စာကို သတိထား၍လုပ်ပါ။ ၎င်းမီးထွန်းပြီးသားပြာနှင့် မိမိရင်သွေးနှင့် ရော၍ ခပ်ပါက သစ္စာမရှိလျှင် ပညာသြဇာ ပျက်တတ်သည့်ပြင် ငရဲလားတတ်၏။ အမြဲယူမှလုပ်ပါ။

## ဗိယမီးထွန်းအင်းစီရင်နည်း။

| | | |
|---|---|---|
| ၂၅ | ၂၄ | ၂၉ |
| ၃၀ | ၂ပါးနံ့ | ၃၀ |
| ၃၄ | ၃၅ | ၃၃ |

ဤအင်းကား။ ယောက်ျား မိန်းမတို့၏ နံ့ဂြိုဟ်သက်ကိုပေါင်း၍ ရသောဂဏန်းကို တနင်္ဂနွေဒေါင့်က စ၍ချ။ ဤဂဏန်းတွင် ၂-ခုတိုး၍ လက်ယာရစ် ခ ရ ပတ် ချ သွား၊ နောက် ဆုံး (သောကြာအကွက်မှာ) ရာဟုအကွက်က ရှိသော၊ ဂဏန်းတွင် ၆-ကနှုတ်၍ ကျန်သော ဂဏန်းကို သောကြာ အကွက်မှာချ။ အလယ်ကွက်မှာ ၂-ပါးနံ့သွင်း။ ယခု ပြသွားသော အင်းပုံစံကား ကြာသပတေးသားနှင့်၊ တနင်္ဂနွေသမီး ပုံစံဖြစ်၏။ ဤပုံစံကိုကြည့်၍ မိမိအလိုရှိသောနေ့နံ ဂြိုဟ်သက်ကို ပေါင်းပြီးချလေ၊ မည်သည့်နေ့နံခြင်းမဆို သောကြာအကွက်နှင့် ဗုဒ္ဓဟူး အကွက်မှာ၊ ဂဏန်းချင်းတူရမည်။ အင်းချရန်မှာအိုးထိန်းလက် စက်မြေကို ဆီမီးခွက်လုပ်၍ ဤအင်းချ။ မဆာစ်ဆီ ၂ိ-ဝဲသားထည့်။ နှစ်ဦးအစေတ်စကိုပေါင်း ကျိုးခြေကျစ် မီးစာလုပ်၍ ထွန်း။ မိမိလိုသောသူ အမြန်လာရ၏။ သစ္စာရှိမှ ထွန်းပါ၊ ငွေ ၁၉-ကျပ် ပွဲတင်မှ မီးထွန်းပါ။

## ဗိုလ်မီးထွန်းအင်း စီရင်နည်း

| | | | | |
|---|---|---|---|---|
| ၂၀ | ၂၄ | ၁၅ | ၈၇ | ၂၃ |
| ၈၇ | ၃၆ | ၁၇ | ၃၆ | ၂၄ |
| ၁၅ | ၁၅ | | ၁၉ | ၁၅ |
| ၂၄ | ၃၆ | ၂၀ | ၃၆ | ၈၇ |
| ၂၇ | ၈၇ | ၁၅ | ၂၄ | ၂၀ |

ၔင်း အင်း ကား။ တနင်္ဂနွေနှင့် တနင်းလာ ဥပမာပြုသော ပုံတည်း။ တနင်္ဂနွေသမီး ဂြိုဟ်သက် ၆-နှစ်၊ တနင်းလာ ဂြိုဟ် ၁၅-နှစ် နှစ်ပါးဂြိုဟ်သက်ကို ပေါင်းသော်။ ၂၀-ရ ၏။ ၎င်း အ ရ ကို တနင်္ဂနွေဒေါင့်မှာချ။ ၎င်းနောက် ၂၀-ကို နှစ်တိုး၍ အင်္ဂါဒေါင့်မှာချ။၎င်း ၂၃-ကို နှစ်တိုး ၂၅-ရ၏။ ၎င်း ၂၅-ကို။ စနေဒေါင့်မှာချ။ ၂၅-ကို နှစ်တိုး ၂၇-ရ၏၊ ၎င်း ၂၇-ကိုရာဟုဒေါင့်မှာချ။ ၎င်းရာဟု၌ရှိသော ဂဏန်းကို အလွတ်၌ ရေး၍ ၉-နဝင်းရော၍ ပေါင်းသော်။၃၆-ရ၏။ ၎င်း ၃၆-ကို။ပဌမ ဂြိုဟ်သက်တနင်္ဂနွေဒေါင့်က ၂၀-နှင့်နှုတ်သော် ၁၅-ရ၏။၁၅-ကားအောင်ပတည်း။ အောင်ပဟူသော မိတ်ကြွင်းရမှ အမှန်ဆိုရမည်။ မိတ်မကြွင်းလျှင်၊ အမှားဟုဆိုရမည်။ ၎င်းအကြွင်းမိတ်အောင်ပကို သောကြာ အကွက်က စ၍ချ။ မြင်းသွားလှည့်၍ချ ၎င်းနောက်အတွင်း ၄ ကွက်၌ အောင်ပကို၊ ၂-ခုစီတိုး၍ လက်ယာရစ်၍ လှည့်ချ။ အလယ်ကွက်လပ်၌၊ နှစ်ပါးနံထည့်ပါ။ အိုးထိန်းလက်စက်မြေ-ဆီမီးခွက်လုပ်၍ အင်းချ၊ သူ့အဝတ်စ

ကိုယ်အဝတ်စ နှစ်ခုပေါင်း ကျီးခြေလုပ်၍၊ ဆီ ၃ ိ သားနှင့် မီးတွန်းလာ၏။

## ပ ိယခစ်ဆေးနည်းပေါင်းစုံကို ဖြဦးအံ့။

သွာတမူလံ၊ မဓုတေလံ။ ပဇာပုဥ္ဆွ၊ ကုသာတံ၊ လောဟိတံ၊ သမ်စုဏ္ဏ ိတွာ၊ ကုတ္တ ိနံဒေထ။ ဘုဥ္ဆေယျ၊ ၎င်းပါဠိ၏ အဓိပ္ပာယ်ကား၊ အောက်မဲဖြူမြစ်-ပျားရေ နှမ်းဆီ လင်းနေပွင့်။ ပန်းဥ ၎င်းကိုပေါင်း၍ကြိတ် အတောင့်လုပ်ပြီး ဂါထာစုတ်၊ဥုံဇ ိနပါပံ ဇ ိနဥ္စသဒ္ဓေ္မာ၊ဇ ိနပါပံ ဇ ိနမမွော၊ ဇ ိနပါပံ ဇ ိနသံဃော၊ ဇ ိနရသော၊ ဇ ိနကုရု၊ ဇ ိနပိဇံ ဇံနဘဝေ။ ၃၇-အုတ်စုတ်ပြီး။ ရင်သွေးနှင့်ခပ် မနေနိုင်။

## တနည်းပ ိယခစ်ဆေး

အောက်မဲဖြူပွင့်၊ ဆိပ်ပွလူးပွင့်၊ လင်းနေပွင့် ပန်းဥ၊ရင်ပပ်ကျီး၊ ၎င်းဆေးကိုပေါင်း အမှုန့်ပြု၍ထား။ အရေးရှိက ဆေးလိပ်ထဲထည့်၍ အငွေ့လွှတ်။

## တနည်း ပ ိယခစ်ဆေး

ဖားပြုတ်သည်းခြေ၊ ကျက်တူရွေးသည်းခြေ၊ ခိုသည်းခြေ၊ ရွှာလယ်မြေ၊ မြို့လယ်မြေ၊ သိမ်လယ်မြေ နန္ဒင်းတိမ်ပြာ

ဂုဏ်နေ့ဆေးစုကိုပေါင်း၍ နတ်စင်ကရေ၊ ဘုရားတင်ရေနှစ်ပါး ပေါင်းကြိတ်ပြီး၊ ဂါထာစုတ်၊ ဥုံနယောပရိယုတ္တော၊ ပီယံမမ။ ကုတ္တ ိစိနေတ္တာပီယံမမ ဟေိဟေိကပ်။ ၃၇ အုတ်စုတ်၊ ရင်သွေး နှင့်ခပ်။

### တနည်း ပ ီယခပ်ဆေး

ခွေးရူးလျှာ။ ပိတုန်းဟကောင်လုံး။ ကျီးနှုတ်သီး ငှင်း ၃-ပါးပေါင်းကြိတ်ပြီး၊ ပဒိုင်းသီးကို အစေ့ထုတ်၍။ ငှင်း ဆေးကို သွတ်ပြီးလျှင်၊ တ ဇ ပု ဆိုး နှင့် ၇ ထပ် ပတ်၍ လမ်းဆုံတွင်၊ ၇ ရက်မြှုပ်ထား။ ၇ ရက်စေ့လျှင် ဖော်ယူပြီး လမ်းဆုံတွင်ကြိတ်။ ပဒိုင်းသီးပါ ထည့်ကြိတ်ပြီးသော်။ ရင် သွေးနှင့်ခပ်ပါလေ။

### ပ ီယကြမ်းတိုက်အင်း

| | | | |
|---|---|---|---|
| ဥုံ | ကုဒ္ဒ | ကုဒ္ဒ | သာ |
| ဥုံ | တု | လ | တု |
| သံ | သေ | မိ | မိ |

ငှင်းအင်းကို၊ ရေလုံအိုးကွဲ တွင်ချ၍ မိမိလိုသောသူ၏ ခြေ ရာကို အုပ် လာရ၏။ ဥုံနေ မင်းသူရိယာ ပါဒ ခြေရာရှင် လာလည်း လာစေ ခြင်။ ၃၇ အုတ်စုတ်၊ ညမန်းလျှင် ဥုံ လမင်း စန္ဒာဟု။ ထည့်၍ မန်းပါ။

## ပီယဆေးလိပ်မန်းနည်း။

ဥုံ သာသနာ ငါးထောင် စီးပွားဆောင်။ အောင်သောနတ်များ သတို့သား။ ဘုရားဖြစ်ပြီး။ ဥုံ သူရဿတီ လှစန္ဒီ-ဒေဝီမယ်လျှ နတ်မိန်းမ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်၊ ၎င်းဂါထာနှင့်နံ့သာဖြူမှုန့်ကို။ ၃၇ အုတ် မန်း၍၊ ဆေးလိပ်ထဲထည့်၍ အငွေ့လွှတ်။ ပီယကျော်၊ လက်တွေ့။ ယောဘုန်းကြီးနည်း။

## ပီယဆေးခပ်နည်း။

အိပ်မက်မှာလာသောသုတ်၊ အရှူးဆံပင်၊ လေးကျွန်းမြေ၊ ကြာဆယ်၊ ကပ်ပယ်ဂျီး၊ ပေါင်ချာဂျီး၊ ရှာဂျီး၊ ၎င်းဆေးစုကိုပေါင်းကြိတ်ပြီး၊ မိမိရင်သွေးနှင့်ခပ်၊ အောက်လမ်းဆရာနည်း။

## တနည်း ပီယခပ်ဆေး။

ဘုရားတင်ပန်း နတ်တင်ပန်း နတ်ဝင်၍ ပန်သောပန်း ပြည်တန်ဆာမ ပန်သောပန်း၊ အပျိုပန်သော ပန်း၊ လူသေခေါင်းမှာပန်ထားသောပန်း၊ ပဒိုင်းခတ္တာအမြစ်၊ ခု နစ် အိမ်က-ကျောက်ပျဉ်ဂျီး၊ ၎င်းဆေးကြိတ်လျှင်၊ မိန်းမ ဝတ်စုံပါစေ။ သူရဿတီ ပွဲပြင်၍ ပေးပြီးလျှင်၊ အပျိုကို ကြိတ်ခိုင်း။

ငှင်းအမှုံမရလျှင်။ မိမိ ကိုယ် တိုင် ဝတ် လစ် စလစ် ချွတ်၍ ကျောက်ပျဉ်ကို ခွကြိတ်၊ ပြီးလျှင် နေသေ့အောင် လှန်း၍ ရင်သွေးနှင့်ခပ်။ မနေနိုင်။ သုံးချိန်ရောင်းစားတော့ အချစ် မပျက်ပါ။

## တနည်းပိယခပ်ဆေး။

ဆေးသူရောင်.... ဆင် မုန်.... ကြက်စ ကောက်.... နံ့သာနီ- လင်းနေပွင့် ပဒိုင်းခတ္တာမြစ်၊ မိန်းမလိမ်းပြီး သနပ်ခါးမြုပ် ၎င်းဆေးစုကို ဆေးသူရောင်ရုပ်အရှိအမျှစီ စုပါလေ။ မန္တာန်ကား-ဥုံပိယဝါယေ ပိယေသွားဟ ၁၀၀၀ စုတ် မိမိအိပ်မက်၍ သုတ်ထွက်သောအခါ၊ စွန်းသော အဝတ်စကို ကပ်ကျေးနှင့်ကိုက်၍ပြာပြု၊ ၎င်းဆေးထဲမှာ ထည့် ကြိတ်ပြီး လဘက်ကွမ်းရာမှာထည့်၍ခပ်....။

## တနည်းပိယခပ်ဆေး

စပါးကြီးသည်းခြေ၊ အိမ်မြှောင်အသဲ၊ ပဒိုင်းခတ္တာစေ့ လက်မောင်းသွေး။ ၎င်း ၄-ပါးပေါင်းကြိတ်။ မန္တာန်ကား

ဥုံပိတံသျှိပ် - နာသျှိပ်ကပ်။ ဥုံနာသျှိပ်ပိတ် သျှိပ်ကပ်။ ဥုံ ကြတ္တိ ဟေိ ဟေိကပ်၊ ၎င်းမန္တာန်နှင့် ၁၀၀၀ စုတ်။ အစားမှာ ခပ်လေ။

## တနည်းပီယခပ်ဆေး။

နံ့သာမျိုးငါးပါး၊ မိကျောင်း သည်း ခြေ၊ ဖါးဘူး သည်းခြေ၊ ဖရုံလက်မောင်း၊ ၎င်းဆေးကို ပေါင်းကြိတ် မန္တာန်ကား။ ဥုံကြတ္တိလိင်္ဂိ- ပုရိတ္တာသာဟော၊ ဆရကုဇတာ ကြတ္တိမာမံ ပီယံမမ။ မန္တာန် ၁၀၀၀ စုတ်၍ မိမိလိုသော အခါ၊ မိမိရင်သွေးနှင့်ခပ်။

## တနည်းပီယခပ်ဆေး

ကျိုးကန်းလျှာ၊ ဗျိုင်းလျှာ၊ နွယ်ရှင်၊ ၁၂-ရာသီပန်း ပေါင်း၊ သံလိုက် မိမိကိုယ်ကဂျီး နံ့သာမျိုးငါးပါး ၎င်း ဆေးကိုပေါင်းကြိတ် မိမိရင်သွေးနှင့်ခပ်။

## တနည်းပိယခပ်ဆေး

အစိမ်းသေလျှာ စပါးကြီးချက်ညို့။ ၁၂–ရာသီပန်းပေါင်း ၎င်းကိုပေါင်းကြိတ်၍ နတ်စင်ရှေ့မှာ ပွဲပေးပြီး။ ဥုံကိလိကာမ ဟုံ ဟုံ တိလိဘော ဧတေန တိလိ ဟုံ ဟုံ။ ၇၇–အုတ်စုတ် ရင်သွေးနှင့်ခပ်။

## အကြွမ်းတိုက်ပိယစီရင်နည်း။

မီး.... တု.... လင်း.... ပြာ။ မီးကား– မီးနေ့ထမိန်၊ တု-ကား ရာသီသွေး၊ လင်းကား လင်းတပြာ၊ ပြာကား သင်းချိုင်းပြာ။ ၎င်းလေးပါးကို ပေါင်းစပ်ပြီး တစူးဝါးကိုခွက်လုပ်၊ တစူးဝါးကိုတဲ စုတ်တံ လုပ်၍ ရွာနတ်စင်မှာ မည်သူလာစေဟု မေးပါက မနေနိုင် လာရ၏။ အစွဲ ဟူသမျှအကုန်ထစေ– ဟုရေးလျှင် တရွာလုံး အစွဲ ထကုန်၏။ ပိယလိုသော် မြွေကြိုက်အောင် လုပ်ပေးပါ ဟုရေးလျှင်

မိမိအလိုပြည့်၏။ အဖြေကား နံ့သာငါးပါး ရေ နှင့် ၎င်း ဆေးကိုဖျက်၍ ၈၀ ဘက် ကွမ်း တင် လေ။ အ ဖြေ မ လုပ် ပါက မိမိကို ပြန်၍ ခိုက်တတ်၏။ သ တိ ကြီး စွာ ထား ၍ လုပ်ပါ။

## ချစ်ဒူးလေးစီရင်နည်း

တံစူးဝါးကို တညိုခန့်ဖြတ် လေးကိုင်းလုပ် ဒူးလေး ကိုဘဲ တမိုက်ခန့်လုပ် မြင်းထီးနဲ့မြင်းမ။ သံဝါသပြုနေတုန်း မှာ အထီးအမြီး—အမအမြီးကိုဖြတ်၍ယူ။ ၄—ပင်စီ ပေါင်း ပြီး ကြိုးတပ်။ ဒူးလေးမှာ ရေးရန်ကား။ ဉုံ ဆင်မ ချောင်နဘန် ရောင် အရောင်လက်လက် နင့်ဟာသို့ကပ်။ ချဉ်းဆရာချဉ်း၊ ကပ်ဆရာကပ်။ ၎င်းဂါထာကိုအပြန်အလှန်ရေး။ ၎င်းဂါထာကို ပင် ၁၀၀၀-ပြည့်အောင်စုတ်။ အလိုရှိသောအခါ ချစ်သူကို တမ်းတပြီး လေးကြိုးတင်က ချစ်ခင်၏။ လေးကြိုး ချလျှင် အချစ်ပြေ၏။

## သိကြားမင်းဂါထာ

ဉုံ သဗ္ဗပါရမီယော စတုသဋ္ဌာ သဗ္ဗပါရမီယောဂီ သတိ။ ဩဘင်း သဗ္ဗ အန္တရာယ၊ မ ဟာ အာ ယု ဒီ ဃ-မဟာသဗ္ဗကမ္မာယ။ သဗ္ဗသတ္တရ ဝိနာသန္တု၊ ဩဘင်းဒူရေ ဒူ ရေ သွား ဟာ၊ နေ့ စဉ် နေ့ တိုင်း ရွတ်။ လာဘ် သပကာ ပွင့်လန်း၏။

### အကြမ်းတိုက် ပိယစီရင်နည်း။

တံစူးဝါးကို တထွာလောက် ညီညီဖြတ်ယူပြီး မိန်းမ ရုပ်ရေး၊ အရုပ်ရင်ပပ်မှာ ချစ်သူ နာမည်ရေး။ ၎င်းနောက် ခေါခွက်ထဲမှာ ထမင်းဟင်း— အကြော် အလှော် အစုံထည့်၍ အထိကရ သစ်ပင်အောက်မှာ ဂါထာ ရွတ်ရမည်။ ဂါထာကား။ ဥုံ တတ္တကပ်၊ သိဒ် လ ကပ်၊ မ ယ ယိုင် ကပ်၊ သိရိသယ်ရာဇာ၊ ကွစက္ကတောလေ၊ ဥုံ ဆေးပုန်း ပုတ္တာအတ္တိ သွားဟ။ ၇၇ အုတ် ရွတ် ပြီး လျှင်။ မည်သူကို ချစ်အောင် လုပ်ပေးဟု။ ဆုတောင်း၍ထားခဲ့၊ ၇ ရက် ၇ ပင်စေ့အောင် လုပ် မကြာခင်ချစ်ခင်၍လာ၏။

### ကတ္တိုခ ပိယစီရင်နည်း

လူသေပါးစပ်ထဲက ကတို့ခကို ရက်မလည်ခင်ရအောင် ယူပြီး အပြားခပ်၍ ပွဲစုံစွာနှင့် သချိုင်းမှာ လက်ဖွဲ့ ၃ လုံး ထိုး၊ ပထမတလုံးထိုးရန်ကား။ ဥုံ အိပ်ပျော်ရာဇာ၊ ဒုတိယ တ လုံးကား ဥုံမာတာပိတု မနုဿမနုရက္ခ တတိယ တလုံးကား ဥုံကတေဟောထ မတုံတွ သွားဟ၊ ၎င်းလက်ဖွဲ့ကို ကြိုးနှင့် တပ်၍ဆောင် ပီယကျော်။

### ပိယခပ်ဆေးနည်း။

ဆင်နှာမောင်းပြား၊ နံ့သာဖြူ ၎င်းအနီ ဖုမ္မသိမ် ကျားနို့ စပါးကြီး သည်းခြေ၊ ခွေး က လေး စို့ သည့် နို့

ရေ၊ နတ်တင်ပန်း၊ ငင်းဆေးစုကို ပေါင်းကြိတ် အတောင့် လုပ်၍ထား မင်း ဝယ်ခသော် မျက်တောင် ၂ ဖက်၊ လက်ဝါး ၂-ဖက် မှာ သုတ်၊ သေကွင်း ရှိသော်လည်း လွတ်၏။ လိုသူကိုခပ် ငိုလိုက်၏။ သူ့အဝတ်စကို တို့သော် ထ၍ လိုက်၏။

## ပိယလက်ဖွဲ့ထိုးနည်း။

၁။

| | | |
|---|---|---|
| ဝု | ဇ | ဒ္ဓ |
| ရိ | | ဓ္မ |
| တေ | မော | အ |

၂။

| | | |
|---|---|---|
| ဓ | ဇ | လာ |
| ဟာ | | မ္မ |
| တေ | ဘော | မ |

၃။

| | | |
|---|---|---|
| သံ | ဇ | ဝိ |
| ဟာ | | ဃ |
| တေ | ယော | မ |

၄။

| | | |
|---|---|---|
| မ | ရိ | ဣ |
| ဗ္ဗ | | နော |
| ဟာ | ဏ္ဍိ | သ |

၅။

| | | |
|---|---|---|
| ဗြ | ဝါ | ပ |
| တ | | ဟ္မာ |
| ဒေ | တိ | ဂ |

၆။

| | | |
|---|---|---|
| ဣ | ဝါ | နာ |
| ထိ | | န္ဒာ |
| ဒေ | စ | သု |

၇။

| | | |
|---|---|---|
| ဘု | ဝါ | နာ |
| ကွာ | | မ္ဗာ |
| ဒေ | ဂါ | ယ |

၈။

| | | |
|---|---|---|
| ပိ | စွေ | ဘော |
| နု | | ယ |
| သ | ဂါ | ဓ |

၉။

| | | |
|---|---|---|
| ပိ | ယေ | သွား |
| ယေ | | ယ |
| ဝါ | ဟ | ပိ |

ငှင်းလက်ဖွဲ့ကို ရွှေ၊ ငွေ၊ ကြေးကမ္ဗဝါ တခုခုမှာထိုးပါ။ မန္တာန်ကား ဥုံဗုဒ္ဓတေဇ အရိန္ဒမော။ ဓမ္မတေဇ မဟာလာဘော၊ သံဃတေဇ မဟာဝိယော၊ မနောဟာရိ သာဗ္ဗကတ္တိ၊ ဗြဟ္မာဒေဝါ၊ ဂဟာပတိ၊ ကုန္ဒာဒေဝါ သုတိနာစ၊ ဘုမ္မာဒေဝါယက္ခာနာဂါ၊ ပိယသစ္စေနေတောဂါ၊ ပိယစဝါယေ ပိယေသွားဟ။ ငှင်းမန္တာန်နှင့်၊ ၁၀၀၀ စုတ်၊ အကျိုးကား မင်းစိုးရာဇာထံသို့ သွားသော်၊ လက်ဖွဲ့ကို ရေစိမ်၍ချိုး၊ ဆီမွှေးမှာစိမ်၍ နှဖူးဆံစပ်မှာ သုတ်လိမ်းသွား၊ ပိယကျော် ဒိဋ္ဌပွဲတော့။

ဖောင်ကာဝ်ပိယလက်ဖွဲ့စီရင်နည်း။

| | |
|---|---|
| စ | ဝ |
| ဘ | အ |

ငှင်းအင်းကို လံကွယ်ရန့်မှာ၊ မိန်းမနို့ပေါ်မှာ လက်ဖွဲ့ထိုး၊ နို့နှစ်ခုကြားမှာ ထား၍။ မန္တာန်စုတ်။ ဥုံ ဓေမေစ ဓေ။ ၇၇ အုတ်စုတ်၊ နှုတ်ငုံ ပိယကောင်း၏။

## ဖောင်ကပ်လက်ဖွဲ့ စီရင်နည်း။

| | |
|---|---|
| မ | ဏ |
| အ | ဥ |

ဂုင်းအင်းကား။ စနေအင်္ဂါနေ့မှာ မိန်းမနို့ ပေါ်မှာ တင်၍ လက်ဖွဲ့ထိုး မန္တန်ကား။ ဥုံမကဥအ။ ၂၄ အုတ် စုတ်၊ နှုတ်ငုံပိယကျော် ပွဲတော့။

## ဖောင်စီးလက်ဖွဲ့စီရင်နည်း။

ဂုင်းဂါထာကို၊ မိန်းမ

ပုဒ်အာ ဖလဒွေး။ )
ဥတ္တရ၊ မာလာဟိ )
နမောဗုဒ္ဓါယဒ္ဓါဗုမောန။ )

နို့ပေါ်မှာတင်၍ လက်ဖွဲ့ ထိုးပြီးလျှင်၊ နို့ပေါ်မှာ လိပ်ပြီးလျှင် မိန်းမ ပါးစပ် ထဲထည့်၍ ကာမဂုဏ် မပြီးမခြင်း။ ဂါထာ စုတ်ပြီးလျှင်၊ ပါးစပ်ခြင်းအပ်၍ ယူ၍ ဆောင်လေ။ လက်ဖွဲ့ ၂ လုံးထိုး။ တလုံး မိန်းမကိုပေး၊ မိမိတလုံးဆောင်၊ ပိယကျော်။

## ပေါင်စီးလက်ဖွဲ့စီရင်နည်း




ဥ-အက္ခရာ ရေးသော အခါ၊ ဥုံ-ဗုဒ္ဓဇေယျုံ ဆို၍ ဥ—ရေး။ အ-အက္ခရာ ရေး သောအခါ၊ အ ဗုဒ္ဓဇေယျ ဥုံ—ဆို၍၊ အ-ရေး။ မ— အက္ခရာ ရေးသော အခါ မ-ဗုဒ္ဓဇေယျဥုံ-ဆို၍မရေး။

ဂဝံရုပ်နှင့်တူစေ။ ဂဝံရေးနည်းကား ဗုဒ္ဓ ချုပ်၊ ဓမ္မ ချုပ်၊ သံဃာချုပ် ဆို၍၊ ဂဝံရုပ်ကိုရေး၊ ရွှေ, ငွေ မှာထိုး၊ မိန်းမ၏ နို့ပေါ်မှာ လက်ဖွဲ့ထိုး၊ ကာမရာဂ သွားလာရင်း လက်ဖွဲ့ ပြီးအောင် ထိုးပြီးလျှင်၊ နို့နှစ်ခုကြားမှာ ထား၍ ဥုံ အဂ္ဂိသိသာနရဗုဒ္ဓဝရာဝရ ၊ပဿန္နာသူရဿတိမမ၊ဇီ ဝဂ္ဂ တိဋ္ဌတု၊ ဒေဝတာနုဋ္ဌ ပူရိသော ယောဝရ မမ ပူရတ္တိ ။ ၃၇ အုတ်စုတ် ပီယ။

☆

## ဖောင်စီးလက်ဖွဲ့စီရင်နည်း




ပထမံ ဗန္ဓုဇာတကံ၊ ကရောတု ံမေဟုဆို၍၊ဂဝံလိန်ကို ပြီးအောင် ရေး၊ မဗုဒ္ဓါက- ဥ႞ကစေရမေမ၊ ဆို၍၊ မ-ကိုရေး။ အဗုဒ္ဓါက-ဥ႞ကစေရဲမေ အ ဆို၍၊ အ,ကိုရေး။ ဥဗုဒ္ဓါက၊ ဥ႞ ကစေရမေ-ဥ၊ ဆို၍၊ ဥကိုရေး။

မိန်းမနို့ပေါ်မှာလက်ဖွဲ့ထိုး၊ နို့နှစ်ခုကြားမှာ ထား၍ ကာမသွားနေတုန်း ပြီးအောင် ဂါထာစုတ်၊ ဥ႞ ကူတ္တံ အာ ဂစ္ဆေယျ။ ၃၇ အုတ်စုတ်။ ၎င်းလက်ဖွဲ့ကို မိန်း မ ပါးစပ်ထဲ ထည့်၍၊ ဥ႞ကူတ္တံ အာဂစ္ဆေယျ။ ၃၇ အုတ်စုတ်ပြီးလျှင် ပါး စပ်ခြင်းအပ်၍ အောင်ပြီလားဟု ၃ ခါ စေ့အောင် မေး၊ အောင်ပြီဆို၍ယူ။ ရာဇသဗ္ဗ အလွန်ကောင်း၏။

## ဖောင်စီးလက်ဖွဲ့စီရင်နည်း

မ၊မဗုဒ္ဓါမေဇေယျ၊ မ။ )
အ၊ အဗုဒ္ဓါမေဇေယျ၊ အ။ )
ဥ၊ ဥဗုဒ္ဓါမေဇေယျ၊ ဥ။ )

ဥ႞ လုမ္ပတု၊ မံဘဝန္တု။ ၎င်း ဂါထာနှင့် ရွတ်၍ အက္ခရာ သုံးချောင်းမိန်းမ အင်္ဂါဇာတ်နှင့် မိမိအင်္ဂါ ဇာတ်ခြင်း တေ့၍ နို့ ပေါ်မှာတင်ပြီး လက်ဖွဲ့ထိုး၊ ယောကျ်ားမိန်းမ အတူတကွ ပြီးအောင် စီရင်လေ၊ ပိယဘွင် အလွန်ကောင်းလှ၏။

## ဖေါင်ကပ်လက်ဖွဲ့စီရင်နည်း



မလေး ညိုတိုတို။ ဝဝမ်းထဲမှာခို။ နငယ်လူပျိုသိုး၊ နတ်ကလေးနဲ့ ထိုး။ ဟု ဆို၍။မိန်းမနို့ ပေါ်မှာလက်ဖွဲ့ထိုးပြီး။ နို့နှစ်ခုကြားမှာ ထား၍၊ဂါထာ စုတ်။ ဂါထာ ကား။ ဥုံပိဋကတ္တယ သမ္ဗုန္နံ။ သဗ္ဗသိဒ္ဓိ သုခံဝဟံ၊ဇိဝှဂေ့ မေနိသိဒ္ဓိတွာ၊ မန္တာရေတု၊ သုရသတိ။ ၃၇ အုတ်စုတ်၊ငင်း နောက် ဥုံနယေပရံယုတွေ။ ၃၇ အုတ်စုတ်၊ နှုတ်ငုံ၍စကား ပြော။ အလွန်ကောင်း၏

*

## ဖေါင်ကပ်လက်ဖွဲ့နှုတ်ငုံ။

မ ငင်း အက္ခရာကို မိန်းမ နဖူးပေါ်
အ မှာ လက်ဖွဲ့ထိုး၍ ဥုံဗုဒ္ဓေါ ဂစ္ဆတိ၊
ရ မမပူရတော။ ပစ္စဗုဒ္ဓေါ မမ သိသေ
နိစ္စံ ဌိတော၊ ဥုံဇဂ္ဂပရိတ္တံ မံရက္ခန္တု။ ၃၇-အုတ်စုတ်၍ နှုတ်ငုံစကားပြော သေကွင်းကလွတ်၏။

☆

## ဗေါင်စီးလက်ဖွဲ့စီရင်နည်း




ညာနို့ပေါ်မှာ ဝရေး။ ဘယ်နို့ ပေါ်မှာ ဏာရေး။ ၎င်းနောက် အရ ဂါထာကို။ နို့နှစ်ခုကြားမှာရေးပြီးလျှင် မိန်းမပါးစပ်ထဲသို့ထည့်၍။ ဥုံဝတဏထ ၃၇-အုတ်စုတ်ပြီးလျှင် ပါးစပ်ခြင်းအပ် ၍ယူ။ ပီယဆောင်ငုံ။

## ဗေါင်ကပ်လက်ဖွဲ့စီရင်နည်း




၎င်းအရဟာကို မိန်းမ နို့ ပေါ်မှာ လက်ဖွဲ့ထိုး၊ နို့ ပေါ်မှာ လိပ်၊ ၎င်း နို့ နှစ်ခုကြားမှာ ဥုံ သောဘဂဝါ ကွတိပိ အ ရ ဟ သမ္မာ သမ္ဗုဒ္ဓေါ။ ၃၇-အုတ်စုတ်။

## တနည်းဗေါင်ကပ်လက်ဖွဲ့စီရင်နည်း။




မိန်းမနို့ပေါ်မှာတင်၍ အရဟ ပုညာ နိဗ္ဗာန် တဝိသတိ။ ဟု ဟိန်း၍ ဆိုပြီး လက်ဖွဲ့ထိုး။၎င်းနောက်ဘုရား ရှေ့တော်မှာ ပွဲပြင်၍ ဂါထာစုတ်၊ ဥုံ အရဟ ကောဏ ညသဘ၊ ရာ ဇ မ န ဘော ဂ

သုနက္ခတ္တံ-ဝိမိစ္ဆန္တိ ဇေယျောဟောတု သံဗုဒ္ဓါ။ ၃၇ အုတ်စုတ်။ ယောကျ်ားညာပါးမှာဆောင်ငုံ၊ မိန်းမ ဘယ်ပါးမှာငုံ၍ စကားပြော။ ပီယကျော်။

## ဖောင်စီးလက်ဖွဲ့စီရင်နည်း။

(န....တ....လ) ၎င်းအက္ခရာ သုံးလုံးကို သံဝါသပြုနေစဉ် မိန်းမနဖူးပေါ်မှာ....န....ရေး။ လည်ပင်းပေါ်မှာတ....ရေး။ ရင်ပတ်ပေါ်မှာ....လ....ရေး၊ လက်ဖွဲ့ နှစ်လုံးထိုး။ တလုံးကိုမိန်းမငုံပစေ။ တလုံးကိုမိမိငုံ၍ ကာမဂုဏ်ပြီးအောင်သွားပြီးလျှင် မိမိငုံသော လက်ဖွဲ့ကို မိန်းမကို ပေး။ မိန်းမငုံသော လက်ဖွဲ့ကို မိမိယူ၍ဆောင်။ ရာဇကုတ္တိကျော်ပွဲတော့။

## ဈေးခေါ်လက်ဖွဲ့စီရင်နည်း။

| | | |
|---|---|---|
| ၅ | ၉ | ၄ |
| ၃ | ၅ | ၇ |
| ၂ | ၅ | ၆ |

၎င်းအင်းကို။ ချိန်ခွင်မှာ ဖြစ်စေ။ ဈေးဆောင်းမှာ ဖြစ်စေ။ ၎င်းအင်းကို ချ၍ ဈေးရောင်း၊ အလွန်ကောင်း၏။ မန္တာန်ကား။ ဉုံရာဇာ မ ဟာ ဒေ ဝီ ဝါ၊ ကုတ္တိပူရိသောဝါ၊ ဒိ တ ရံ ဝါ၊ ရဇိတံဝါ သုဝဏ္ဏံဝါ အာဂစ္ဆန္တု။ အာဂစ္ဆန္တု ဟေိဟေိ သွားဟဲ့ယျကပ်။ ၃၇ အုတ်။

## ဥစ္စာပျောက်ပြန်ပို့နည်း။

(ဥုံမနုသာစိတ္တာမှိုင်း) ၎င်းမန္တာန်ကို။ ထန်းရွက်တွင် ရေးထိုးပြီးလျှင် သစ်ငုတ်တိုကို ထွင်းပြီး ၎င်း ထန်း ရွက် ကို ဇောက်ထိုးသွတ်၊ တွင်းတူး၍ကျသော အစအန များကိုလည်း ပြန်၍ပိတ်။ ဇီးသား ၇ ချောင်းနှင့် မီးပုံတိုက်သော် မကြာ ခင် ဥစ္စာကို ပြန်ပို့လာရ၏။

## တနည်းစီရင်နည်း

ဒန်းရွက်တွင် ၇ ရက်သားသမီး နေ့နံကိုရေး၍ မီးဖုတ် ပြီးလျှင် အကျွမ်းပြာကိုယူ။ မဆစ်ဆီနှင့် ဆီမီးခွက်တွင်ထည့် ၍မွေ၊ မီးဇာချည်မျှင်နှင့် ဘုရားရှေ့မှာ မန္တာန်ကိုစုတ်။ မန္တာန် ကား ဥုံ တတိနိ သွားဟ....၃၇ အုတ်စုတ်ပြီးလျှင် ဥစ္စာခိုးသူ ပို့စေဆို၍ မီးထွန်း၊ အမြန်ပို့လာ၏။

## ပီယကြမ်းမနိုးစီရင်နည်း။

ဥုံ သရသုံးထပ် အုတ်သုံးထပ်နှင့်။ ချစ်စဖွယ်-မိမယ် ငါသို့ကပ်။ ၎င်းဂါထာနှင့် ကြမ်းတပြေးတည်းထိုင်၍ အကွက် မချားစေနှင့် လက်ထောက်၍မန်း။ အနားသို့ ကပ်လာလိမ့် မည်။ ပီယကျော်။

## ပိယခကျေးဖို့, ကျေးမ, စီရင်နည်း။



ငင်းကျေးဖို့, ကျေးမကို တနင်း လာ ဆန်း၊ တနင်းလာ ကွယ်သောလမှာ၊ လဆန်း ၁-ရက်၊ နေ ဝန်း ထွက် လျှင်၊ ကျေးဖို လက်ဖွဲ့ကိုထိုး၍ ကြိုးနီတပ်။ နေဝင်လျှင် ကျေးမ လက်ဖွဲ့ကို ထိုး၍ ကြိုးစိမ်းတပ်၍။ မန္တာန်စုတ်။ ဥုံပိယ ဝါယေ ပိယေ သွားဟ။ ၃၇ အုတ်စုတ်။ ငင်းနောက်.... ဥုံသံဗုဒ္ဓေသံသံ။ သတ္တာယစ။ မက္ကံမန္တု။ သံသာရစိဒ္ဓသံ၊ သံသုဒ္ဓမသ သြရသံ၊ သံဆိန္နကံ ဘဝေအာသံ၊ သံဃံ အပိ သုမနသံ၊ ၃၇ အုတ်စုတ်၍ ဆောင်သော်။ ရာဇသဗ္ဗ အလွန်ကောင်း၏။

....o....

## ကျေးခင်းပီယသက်ဖွဲ့စီရင်နည်း။



ငှင်းကျေးရုပ်ကို အဝင် နက္ခတ်ကြုံသည့် နေ့တွင်။ လက်ဖွဲ့ ထိုး၍ မန္တာန်ကား။ ဥုံ သိအေ မာရေ မုက္ခပုစပ် သိရိသွား မာစရရာ နတ္တိ သွား ဟာ၊ ၇၇ အုတ် စုတ်။ ငှင်းနောက် ဥုံသိန္ဒေဟံမမ သိန္ဒေဟံ။ ကုတ္တံပူရိသ၍သိန္ဒေဟံ သချာပုတ္တော၊ ဧကော မ မွေ့ သွားဟာ။ ၇၇ အုတ်စုတ်။ ငှင်းလက်ဖွဲ့ကို လက်ဝဲဘက်ကကိုင်၍ သွားလျှင် ငို၍ လိုက်၏။ လက်ျာဘက်က ကိုင်၍ သွားလျှင် အိပ်မွေ့ ကောင်း၏။ ခေါင်းမှာတင်၍ သွားလျှင်။ ရဟန်း သံဃာချစ်၏။ ငုံ၍သွားလျှင် ရာဇာမင်းချစ်၏။

....o....

## ပီယသိဒ္ဓိအင်းကြီးစီရင်နည်း။

ငှင်းအင်းမှာ အပြင်ဘက်က ခရုပတ်ချ။ အတွင်းဘက်က မြင်းသွားချ။ မိန်းမကို အလိုရှိက ရာဇ စိတ္တံကို ကုတ္တံ စိတ္တံဟု ပြောင်းလွဲ၍ ထည့်သွင်းပါလေ။ မန္တာန်ကား ဥုံ တုဒေ္ဒဟိ။ မမတုဒ္ဒေဟိ ပိယေဟိ မမ ပိယေဟိ သိန္ဒေဟံ မမသိန္ဒေဟံ ရာဇစိတ္တံ ပူရိသ။ ကုတ္တံစိတ္တံမှုင်း။ ဒေဝစိတ္တံ ပိယံမှုင်းမှုင်း၊ ဥုံ ပိယ ဝုါယေ ပိယေ သွားဟာ

| | | | | | | |
|---|---|---|---|---|---|---|
| ဥုံ | တု | ဋ္ဌေ | ဟိ | မ | မ | ဒ |
| ဗျော | ဟံ | ရာ | ဇ | စိ | ဏ္ဍ | ဏိ |
| ဝဂ | မပိုဝဒ | ပိ | ယေ | သွား | ငေ | ဌိ |
| ဘ | မပိုဝဒ | ယေ | ၂ပါးနံ | ယာ | ဧ | ငေ |
| ဘ | ံဒ | ဝါ | တု | ပိ | ဣဝဂါ | ဈ |
| ံဌ | ဓဘ | ထိ | ဝွ | ံဝ | ဓဘ | ဌိ |
| ဗြဘ | လ | ပ္ပ | ယဘ | ဂွ | ဂ | ဇ |

၃၇-အုတ်ဝုတ်၍ မီးဇာမှာ ကိုယ့်အဝတ်စ၊ သူ့အဝတ်စ၊ နှစ်ပါးပေါင်း၍ ကျိုးခြေသုံးချောင်း ထောက်ကျစ်၍ မီးဇာလုပ်။ အလယ်ကွက်မှာ မိမိနံအထက်ကထည့်။ သူ့နံအောက်ကထည့်ပြီးလျှင် မင်္ဂလာဆုံတွင်းဆီ ၅ိ-သားနှင့် ထွန်းပါ။ အိုးထိန်း လက်စက်မြေ။ ဆီမီးခွက်။ ရေလုံ့အိုးကွဲရရာမှာ အင်းချ။

ပမိယကွမ်းမန်းစီရင်နည်း၊၊

ဥုံသူရသတိ၊ ခေါ်ညီတွင်ထ ပဍ္ဍကလျာ မိသူဇာ၊ အဟ ပိယ ပိယ ဥုံဝုဒ္ဓိ ဂစ္ဆန္တု။ ဥုံ မမ္မ ဂစ္ဆန္တု

ဥုံသံယံ ဂစ္ဆန္တု။ ဥုံသုရဿတီ နေမင်း ကောင်းကင် ချဉ်း၏။ လမင်းစန္ဒာ မြေထက် ရွှရွှတက်၏။ သံညှင်းသံမြ တခွန်းဟာက ပီယသဟာ တရော သက်လုံး ကြိုးသို့ ထုံး၏။ နှလုံးငါသို့ ညွတ်စေသတည်း။ ဥုံ ဣတ္တိရာဇာရှိန် ကွမ်း ၃-ရာကို။ ၇-အုတ်စုတ်ပြီး တရာကို ဘုရားတင်၍ ဆုတောင်း၊ တရာကို မင်းမာဂီရိ နတ်တင်၍ ဆုတောင်း တရာကိုမိမိခံ၍ စကားပြော၍ စားလေ။

....o....

သက်တန့်မန်းဂါထာစီရင်နည်း။

ဥုံ စက်တန်ကောင်းကင် မြင်သည့်စက်တန့်။ စက်တန့်ကောင်းကင်လော စက်တန့်ကျော်ကပျဉ်လော ဥုံကြေဆရာကြေ ပြေဆရာပြေ၊ ၎င်းဂါထာနှင့် ကျွန်းသား မီးသွေးကို ၇-အုတ်မန်း၍ ကောင်းကင် စက်တန့်ကိုတားက အပိုင်းပိုင်းပြတ်၏။ စက်တန့်မှစ၍သုံးလေ ပွဲတွေ့။

o*o

## အကြမ်းတိုက် ပ ိယမီးထွန်းအင်းစီရင်နည်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကျ | ယ | ဒါ | ယေ | နိုဝ် | န္တိ | တ္တ | တ္တံ |
| ဒ | သ | ဂ | ယေ | စ္စံ | မံ | ကော | ဥုံ |
| တ္တ | က | စ္ဆ | ပ | တေ | သ | ဝိ | လော |
| က | ရိ | န္တိ | | | ယံ | ယ | ဟဲ |
| တွာ | ယံ | ယေ | | | ယ | ဟ | ယျ |
| နု | ပ | မ | သာ | တေ | ထာ | ဒ | သွား |
| ကျ | ဒံ | မ္မာ | န္တိ | ပ | ဥ | ယေ | ဟဲ |
| တိ | ပ | နံ | မာ | သာ | မ | ဝိ | ယျ |

အင်းဆံကား။ ကျဒတ္တကတွာနု။ ကျတိယ သကရိယံ၊ ပဒံ ပဒါဂစ္ဆန္တိ။ ယေမမ္မာနံယေယေ ပသာန္တိမာနိစ္စံ တေ တေ ပသာန္တိမံသယံယထာ ဥမ္မတ္တကောဝိယ။ဟာဒယေစိတ္တံ ဥုံ လောဟဲယျသွားဟဲ ယျ၊ ၃၇-ဂွင်း အင်းချနည်းမှာ ရထား သွားချပါလေ၊ နတ်အိုးကွဲတွင်ဂွင်း ရေလုံအိုးကွဲမှာ ဖြစ်စေ သိမ်ဝင်ကြည်စ်နှင့် ရေးချပါ၊ အလယ်ကွက်ဆေပ်မှာ ကိုယ့်နံသူ့ နံထည့် ဂါထာကို ၃၇ အုတ်စုတ်၍ မီးမှာကင် လာ၏။ ပွဲတွေ့။

မယုံလျှင် စမ်းကြည့်ပါ၊ ကျပ်ကျပ် ပူအောင် မလုပ်ပါနဲ့ ရှုံးတတ်သည်။ သစ္စာရှိကြပါလေ။

## ပိယမီးထွန်းအင်းစီရင်နည်း။

| | | | | |
|---|---|---|---|---|
| ၁ | ၅ | ၂ | ၄ | ၇ |
| ၆ | ပိ | ယေ | သွား | ၈ |
| ၉ | ယေ | | ယာ | ၉ |
| ၈ | ဝါ | တုံ | ပိ | ၁ |
| ၃ | ၆ | ၂ | ၆ | ၀ |

အောင်ပ– ကုလား– ဆေးသား– တော်ရင်း– မိတ်နံချင်း၊ အတွင်းက။ ပိယာဝါယေပိယေ သွား ဟု အိုးထိန်းလက်စက်မြေ ဆိမီးခွက်လုပ်၍ အလယ် ကွက်တွင် နှစ်ပါးနံထည့် ကိုယ် အဝတ်စသူ့ အဝတ် စကို ကျိုးခြေကျစ်၍မီးဇာလုပ် မဆစ်ဆိ ၂ိ–သားနှင့်ထွန်း၊ လာနေကျ အင်းမြတ်တည်း။

## ပိယလဘက်ခနိုး အကြမ်းတိုက်စီရင်နည်း။

ဥ၊လဘက်ညှာနုရွေ့ မပီညှာနုံ့ဖွား၊ စားတုန်းပြီးမှ မနေ သာ – မောင့်ကိုရှာ၍ ချဉ်းဆရာချဉ်း ကပ်ဆရာကပ် ၇၇–အုတ်။ မသာလဘက်ကို တိတ်တိတ် ခိုးယူပြီးလျှင် စနေ အင်္ဂါမှာကြိတ်၍ မန္တာန် ၇၇–အုတ်စုတ်၍ ရင်သွေးနှင့်ခပ် စားမိက မနေနိုင် ပွဲတော့။

## ပီယ ဆေးလိပ်မန်းစီရင်နည်း။



ဥုံနယေပရုံ ယုတွေ သွားဟာ-မိန်းမ, မသာ အိမ်က ဆေးဖက်ကို ခိုး၍ယူ၊ ၎င်းလိပ်အင်းကို ချ၊ ဆေးလိပ်၍ လေတင် ကအငွေ့ လွှတ်၊ တောင်း ရင် မပေးနှင့်၊ ရူးတတ် သည်။ အဝကို ခေါင်း ထားလိပ်ပါ၊ ဒိဋ္ဌပွဲတွေ့။

## ပီယဆေးလိပ်နတ်တိုက်နည်း။

| | | | | |
|---|---|---|---|---|
| ဍ | တွေ | ပ | တွေ | နှ |
| ယံ | ယေ | ယု | ယေ | ယံ |
| ယံ | ယေ | ယု | ယေ | ယံ |
| ဖ | တွေ | ပ၊ | ဓိတွေ | ဒွိ |

တစ္ဆေပစ်သည့်ခေါဖက်ကို ယူ၍ မသာအိမ်ကဆေးကို ယူပြီး ဆေးလိပ်၍ မန္တာန် စုတ်။ မန္တာန်ကား ဥုံ နယေပရုံယုတွေ၊ ၃ ၇ အုတ် စုတ်ပြီး လေတင်က၊အငွေ့ လွှတ်အနံ့ ရတိုင်းချစ်ခင်၏။

## ပိယမှန်ကူဆေးစီရင်နည်း။

နံ့သာငါးပါး၊ ဥပသကာ၊ ကမ္ဘာလူဥ၊ ပန်းရင်း၊ ကတိုး၊ ဂမုံးကြက်သွေး၊ ကျားနို့၊ မိကျောင်းသည်းခြေ၊ စပါးကြီးသည်းခြေ၊ ငှင်းချက်ညှို့အစုံ- အမျှစိစု၊ မန္တာန်ကား။ ဥုံသူရဿတိဝရကဒေဝိ ခေါ်ညီဇံသီးနတ်သွီး။ ကောင်းကြီးမင်္ဂလာနတ်သံသာနှင့်၊ ချိုသာမစ ဂုဏ်တေဇကြောင့် ဒေဝဆေးမှု တန်ခိုးလူသည် နတ်လူရင်ဝယ်သားသို့၊ သနားချစ်ခင်ကြင်နာ မြတ်နိုးကြစေသော်။ သြောင်းသူရဿတီဒေဝိရက္ခန္တု ရက္ခန္တု။ဟေိဟေိသွားဟာ။ငှင်းမန္တာန်ကိုဆေးကြိတ်ရင်းကျူးလေ အရိပ်တွင်လှမ်း အတောင့်လုပ်၍ ရွှေကြုတ်-ငွေကြုတ် နှင့်လုံစွာထည့်ထား၊ အထိကရသစ်ပင်မှာပွဲစုံပေး၍ စုတ်ရန်မန္တာန်ကား၊ ဥုံပိယောဒေဝမနုဿာနံ၊ ပိယော ဗြဟ္မလာမုတ္တမ၊ ပိနာယောနာဂ သုပဏ္ဏာနံ၊ ပိယိန္ဒြိယံ နမာမဟံ။ ၁၀၀၀ စုတ်နဖူးမှာမှန်ကူ သျှုံ ၃-ပါးပြီး၏။ သေမည့်သူမှ ချမ်းသာရသည်။

....း၀း....

## ပီယမီးထွန်းအင်းစီရင်နည်း။

| | | | | |
|---|---|---|---|---|
| ၆ | ၂၄ | ၁၅ | ၃၈ | ၁၁ |
| ၃၈ | ၃၆ | မ | ၃၆ | ၂၄ |
| ၁၅ | စေ | ၂၀ါးနံ့ဖြူ | | ၁၅ |
| ၂၄ | ၃၆ | လာ | ၃၆ | ၃၈ |
| ၁၅ | ၃၈ | ၁၅ | ၂၄ | ၃၁ |

ငှင်းအင်း ပုံစံကား– နံ့နှစ်မည်တည်၊ တနင်္ဂနွေ ဂြိုဟ်သက် ရော၊ တနင်္ဂနွေ ဒေါင့် ကစ၍ ချ၊ နှစ်ခု တိုး၍ ၄–ဒေါင့်ပြည့်အောင် သွား၊ ရ ဟု အ ကွက် သို့ ရောက်သောအခါ ကိုတ်ဂြိုဟ်ကိုးလုံးရော၊ တနင်္ဂနွေအကွက်၌ရှိသော ဂဏန်းနှင့်နှုတ်၊ အောင်ပကျုန်လျှင် အမှန်ရ၏။လိုသူ အဝတ်စမှာ ငှင်းအင်းချ၊ မိမိအဝတ်စမှာ အင်းချပြီး ဖရောင်း ၅ိသားနှင့် မီးတိုင်လုပ်၍ မန္တာန်စုတ်၊ ဥုံဧဝ အစိန္တိယာ ဗုဒ္ဓာဗုဒ္ဓဂုဏာ အစိန္တိယာ။ အစိန္တိယေ ပသန္နာနံဝိပါကော ဟောတိ အစိန္တိယော၊ ဥုံဧဝ အစိန္တိယာ ဓမ္မာ ဓမ္မဂုဏာ အစိန္တိယာ၊ အစိန္တိယေ ပသန္နာနံဝိပါကော ဟောတိ အစိန္တိယော၊ ဥုံဧဝ အစိန္တိယာ သံဃာ သံဃဂုဏာ အစိန္တိယာ အစိန္တိယေ ပသန္နာနံ ဝိပါကောဟောတိ အစိန္တိယော။ ၃၇အုတ်စုတ်ပြီး မီးထွန်းလေ၊ လာနေကျအင်းမြတ်တည်း။ ပွဲပြင်လျှင်စုံပါစေ။ ငွေ၉ိတင်ပါလေ။

ပီယခြင်္သေ့လက်ဖွဲ့စီရင်နည်း။

## ပီယခြင်္သေ့လက်ဖွဲ့စီရင်နည်း။




ငင်းခြင်္သေ့ ၇-စီးကို။ ကျီးမနားထမ်းရွက်ဖြစ်စေ။ ရွှေ-ငွေ-ကြေးကမ္ဗ ဝါမှာဖြစ်စေ။ တခုခုတွင် လက်ဖွဲ့ထိုး၍ဆောင်ပါက ပွင့်လန်းသည်။ မယားများတတ်သည်။ မန္တာန်ကား ဥုံ သီသံဗုဒ္ဓေါ ဘာဝိသတိ၊ သတ္တသတ္တဠ္ဌ၊ သီဟံ သီဟသံဝ၊ ဩဟဩဟာခါရေတု၊ မသံဝါသသော၊ နိလုတ္တာဘယံ၊ ဝိန္နသန္နံမဂ္ဂသာပါဂတံပါပံ ဘာဂိနူ၊ အဟံ သတ္တေသရေဝါလော။ ၃၇အုတ်စုတ်။ အကျိုးကား။ စမ္ဗူတခွင် ကောင်းကျိုးတွင်သာ။ မြေပြင်ပတ်ဝန်းကောင်းကျိုးထွန်းကာ၊ အမျှားချစ်ခင်။ ကျွမ်းဝင်စေလို။ ဥုံ သီသံဗုဒ္ဓေါ ဘာဝိသတိ၊ ပါဠိဖြင့်သာ၊ ဖောက်ကားရွှေငွေ ရောင်းထွေကုံ စလယ် မင်းဝယ် ခစား။ ဤသုံးပါးကို၊ နှိုးညားတုံက၊ သတ္တသတ္တဠ္ဌတိမှတပါး သီစိမ်ခါနှင့် ရေလားမိငုံ နှိုးတုံရန် မှာ၊ သီဟ သီဟံသ ဩဟ ဩဟာသတ္တာလည်းကောင်း။ အပေါင်းတောသူ-ကျားတို့ကို လွှတ်စေလို မူ။ ခါရေဟု-ဟု လွှတ်မှုမှန်စွာခုံခါတလည်၊ သောကရောဂါကိုယ်မှာ ဥပါဒ်နှိုးတုံလတ်မူ၊ မသာဝါ

သသေ–လျှင်ထွေမှန်ဟုတ်၊ စုံးဘုတ်တခွင်၊မယုတ်သွင်သွင်၊ ရေတွင်းဘေးရန် တဖန်စိုးရိမ်၊ မငြိမ်စိတ်ရှိသမျှကို၊ နိလုတ္တာဘယံ ရှပ်သံဖွန့်ဖွန့် ဥပါဒ်တည်း။ ဒိဋ္ဌပွဲတွေ့။

ဏှမည္ဘိ ပိယမီးထွန်းအင်းစီရင်နည်း။

| | | | | |
|---|---|---|---|---|
| ဗု | ရေ | ဣ | ဝ | သ |
| မိ | သံ | ဒ္ဓ | ဣ | မ |
| ဟာ | မိ | ၂ပါးနံ့ | ရ | ဿ |
| မာ | ပေ | ဂ | သ္မိ | မ် |
| ဏ္ဍာ | ဝိ | တေ | ဥ | ဏာ |

ငင်း အင်းဆံကား ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဣမသ္မိံ ဝိဟာရေ ဣမံ တေ မာသံဝဿံ ဥပေမိ မျဉ်းသွားချ။ အလယ်ကွက်မှာ ၂–ပါးနံ့ထည့်။ သူ့ အဝတ်စ ကိုယ့် အဝတ်စမှာ အင်းချ။ ဖယောင်းခဝိသားနှင့် ဖယောင်းတိုင်လုပ်ပြီး မီးထွန်းလာ၏။ ပွဲတွေ့ကျော်။

ပိယဖားပြုတ်စီရင်နည်း။

ဖားပြုတ် တကောင်ကို အခြောက်လှမ်း၍ သုသာန်မှာ ချက်ရမည်ဏား။ ဇီးစေ့ ၁–ပဲသားထည့်၊ ဇီးသားထင်း။

လိန်သားယောင်းမလုပ်၍၊ အစိမ်းသေခေါင်းခွံထဲမှာထည့်၍ ဆိတ်နို့၊ နွားနို့နဲ့ ပြစ်ပြစ်နေအောင်ချက်၊ ချက်နေတုန်း စုတ်ရမည့် မန္တာန်ကား။ နမောဟတိတ္တ၊ ဓမ္မောတရန္တု ကူဒရိဝါသွားဟ။ ၎င်းမန္တာန်နှင့်ချက်၍ မပြီးမချင်း စုတ်ပြီးလျှင် နဖူးမှာသုတ်လိမ်းသွား။ ကုတ္တ ရာဇကောင်း၏။

## ပိသခပ်ဆေးနည်း။

အစိမ်းသေလျှာ— စပါးကြီးချက်ညို့၊ ၁၂ ရာသီ ပန်းပေါင်း ၎င်းဆေးကို ပေါင်းကြိတ်ပြီး နတ်စင်ရှေ့မှာ ပွဲပေး၍ မန္တာန်စုတ်၊ ဥုံကိလိကာမံ ဟုံ ဟုံ၊ တိလိတော ဓေတနတိလိ ဟုံ ဟုံ ၃၇အုတ်။ မိမိရင်သွေးနှင့်ခပ်။

## သူရသတိဆေးဖော်နည်း။

နံ့သာမျိုးငါးပါး၊ စန္ဒကူနီ၊ ၎င်းအဖြူ၊ ရိုးတုံ၊ ဥပသကာ၊ ပန်းဥ၊ ပန်းမ၊ ဖန်းရင်း၊ ပန်းညို၊ ကန့်ဗလူဥ၊ ပဲနံ့သာစေ၊ ပဲစိမ်းနီ၊ ၎င်းဆေး၁၆ပါးကို အမှုစိစု၍ ဘုရားရှေ့မှာ ပွဲစုံစွာပြင်၊မိန်းမအသုံးအဆောင်စုံလင်စွာထား၍ သူရ

သတ္တိပွဲတင်ပြီး ဇင်းဆေးကို မင်းမာဂီရိ နတ်အုန်းရည်နှင့်ကြိတ် ကြိတ်သောကျောက်ပျဉ်မှာသူရသတီအင်းကို ချ၍ကြိတ်ရမည်။ အင်းကား....



ဇင်းဆေးကိုကြိတ်ပြီးလျှင် ဘုရားရှေ့တော် ၃၇-အုတ်စုတ်၊ ဇင်းနောက် နတ်ရဲသစ်ပင်မှာ ၃၇-အုတ်စုတ်....မန္တာန်ကား။ ဥုံသဗ္ဗရာဇာနံ ပီယံမမ၊ သကလသူရသတီနံပီယံမမ၊ သကလမဟာရာဇာနံပီယံမမ၊ သဗ္ဗမနုဿာနံပီယံမမ၊ သဗ္ဗဒေ

ဒွိတ်ရမည်။ အင်းကား....



ဝိနံ့ပိယံမမ၊ သဗ္ဗဥပရာဇာနံ ပိယံမမ၊ သဗ္ဗအမစ္စာနံ ပိယံမမ၊ သဗ္ဗသတ္တရစိနာသန္တုံ အသောသတော ပြောင်းဟေဋ္ဌာစပထဝိ နာဂေါသာဂရမဏော မေခလာနံ ပိယံမမ၊ဘုမ္မာဒေဝါနံပိယံမမ၊ ၎င်းဂါထာနှင့်စုတ်ပြီးလျှင် ၎င်းဆေးကို ၄–ပုံပုံ၊ ၂–ပုံကို စေတီထု ရွှေချ၍ ကိုးကွယ်ထား၊ တပါးသူပြုစားလျှင် ပလ္လင်အက်၏။ ပလ္လင်မြုပ်အောင်ရေစိမ်ပါ မသောက်ပါနှင့် ပယောဂဖြစ်လျှင် တံစက်လက်ပြန်ရေနှင့် စိမ်၍ တောဏ်ခွာ၏။ နဖူးမှာမှန်ကူ အပွင့်ကောင်း၏။ သူရသတီသဝေထိုး ၅ ချက်ထိုးစုံးမကပ်နိုင်၊ နတ်ချစ်၏။ သူတပါးနှင့်စကားပြောလျှင် ဆေးကိုရေနှင့်သွေး၍ နှုတ်ခမ်း–လျှာမှာ သုတ်၍ပြော၊ အောင်၏။ မင်းစိုးရာဇာ အမျက်ထွက်သော် နဖူးမှာမှန်ကူ၍သွား လူအပေါင်း ချစ်စေလိုသော် အမြဲဆောင် ဩဇာအာဏာရှိ၏။ တစ္ဆေသူရဲကပ်သည်ထင်လျှင် တံစက်လက်ပြန်ရေနှင့် တောက်ပျောက်၏။ ၎င်းဆေးကို သွေး၍လိမ်း နတ်သွင်း လှိုရာဝင်၏။ ၎င်းသူရသတီဆေးရပ်ကို အသက်သွင်းရန်ကား–အုန်းသီးဆံ ၇–စိတ်၊ ငှက်ပျောသီး....၇လုံး၊ မုန့်ဒိ ၇–ချပ်၊ လက်ဖက်၇–ထုပ်– ကွမ်း ၇–ရာ ကြက်ဥ၇–လုံးတင်၍စုတ်ရန်မန္တာန်ကား....

ဥုံ ဇမ္ဗူဒီပါ လက်ျာကျွန်းမြတ်၊ အိုင်မြတ်သီတာ ငါးဖြာမြစ်မ ခက်မငါးသွယ်, လည်သည့်အနဝဒတ်, မြက်သည်သနင်း မြေခပင်းထက်, စည်ပြောထခြင်း ဒေဝိစန္ဒ နတ်သမီး မယ်သျှနတ်မိန်းမတို့ နှမ ငါ့ရှေ့ ရပ်လာလော့။ ဥုံဒိန္နေ

ဒိဋ္ဌေအနဏ္ဍရေန ဖြစ်ထသဗ္ဗပီရောသဗ္ဗ၊ ဒေဝတာ ဒေဝတာ ဟေဟိ ဟေဟိ ဘုဋ္ဌာဟိ ဘုဋ္ဌာဟိ ငါကခေါ်သည် အတူမောင်မျှနှမကဲ့သို့ နှမငါသို့ချည်း နှမငါသို့ကပ်....ဦ်သူရဿတီ စန္ဒီမယ်လှ နတ်မိန်းမ ချဉ်းလည်းဟေချဉ်း ညွတ်လည်းဟေညွတ်။ ဦ်ဝါရုံ ပီယံကပ်ဆရာကပ်။ ချဉ်းဆရာချဉ်း ၎င်းဂါထာစုတ် ကျွေးပါ။ ၎င်းနောက် ချည်မျှင်ကိုစုတ်ရန် မန္တာန်ကား ဦ်ဂဏ္ဍအမုမိုဩ ကာသေ ဒေဝတာ ချုပ်ဆရာချုပ် ၎င်းဂါထာနှင့် ချည်မျှင်ကို ၇-အုတ်စုတ်ပြီးလျှင် သူရဿတီရုပ်ခေါင်းမှာ စွတ်ထားပါ။ ၎င်းဆေးသည် ပေစာ့မှကူးယူ၍ ရသောဆေးဖြစ်၍ ကျွန်ုပ် ကိုယ်တိုင်စမ်းသပ်လုပ်ကိုင်၍ အမြဲသုံးနေပါသည်၊ ပွဲတွေ ကျော်တည်း။

☆

## ပီယခပ်ဆေးစီရင်နည်း

ခွေးရူးသည်းခြေ၊ စုန်ကိုးဆန်-နတ်ကိုးဆန် မသာဆန် မသာပန်း-အရှေ့ကိုမျက်နှာပြု၍ ရောင်းသောမိန်းမဆန် ၇-စေ့။ ၎င်းဆေးကို ပေါင်း၍ကြိတ်ပြီး မိမိရင်သွေးနှင့်ခပ်၊ ဒိဋ္ဌ။

## ဝဋ္ဋုံးစုဒ်သင်ကိုက်အင်း စီရင်နည်း။

| | | |
|---|---|---|
| ၁၄ | ၃၂ | ၅၉ |
| ၅၃ | ၂ပါးနံ | ၂၀ |
| ၂၆ | ၂၃ | ၄၃ |

သောက ဂြိုဟ်အင်း။ ၆-ခုထိုး၍ချ ၃၂-ကျလျှင်၆-ထိုး....၉-ခု နှောပြန်။ နောက်ချ။၅၉-ခု ရောက်လျှင်၊ ၃၂-နှုတ်ချလေ—

အပျိုကညာ ပိုမသာလိုရာအရပ်ကလာ စေတတ်သည်။ အင်းမြတ်ပ ိယံ တေဇာတံခိုးကြောင့် ဘေရာပ ိ နတ်ဝါဒိ ကပ်တဲ့အင်းမြတ်မှန်ကို ချဟံနိုသျှ အမြတ်စနိုး မပြတ်ကိုး နတ်အိုးမှာပသပြီးလျှင်၊နေ့ကိုနံသာ အဆိုပါလိုရာကိုပေါင်းဖက်။ ဂဋ္ဋုပိုင်နက်တွင်ချ၊ ရင်းအစက ဆကိုတိုးတက် ဂဏန်းမျိုးချရိုးအမှန် ငါးကွက်ကျန်လျှင် တန့်၍ရပ်ပြီး ဂြိုဟ်ဿောရိဋ္ဌာနီစခန်း သုဂဏန်းရှိမှတ်ကြောင်း တခါထပ်လောင်းပါမှ နဝါစွက်၍ မှာချက်မယွင်း ဇောသိမ်ဗျာရှိလျှံ။ ဂဏန်းနှုတ်၍။ သတ္တဗိသမှာ ကြွင်းမှိကွက်လပ် ကြွက်မင်းတည်း။ လက်ယပ်မချွေ နံနှစ်ထွေကို ထားလေထက်အောက်။ အဆုံးရောက်ပြီး၊ နတ်မဒီကို ကပ်မှီစေခြင်း။ တနည်းဆင်အံ့ ပွဲပြင်ထမိန် နားဒေါင်း လက်ကောက်ထည့်၍ မြှောက်ခါပသပါက။ ကညာပျိုမ,လာရမယွင်းအာကာအင်းမို့။ မန်တင်း၍ခိုင်း၊မညင်းနိုင်ဘူး၊ ကြာရင် ရှူးရလိမ့် နတ်မှူးကညာမူ ပဒါလနသသ၊ ပျိုကညာ လိုရာရတဲ့ အင်းမြတ်အကျိုး၊ ကာလသား မောင်မောင်ဆွေတို့မှာ အောင်သပြေ၊ ပြောင်သရေ တိုးပါလိမ့်။

အင်းမြတ်တေဇ ဂုဏ်သမ္ဘာကြောင့်။ အမရာဒေဝီဘုံဆောင်မှာတော့၊ ကညာပျိုလိုရာကို ဆက်ပါလိမ့်၊ နောက်ကမ္ဘာ အစဉ်မပြတ်ရအောင် ဉာဏ်သက်လွှာကို သုံးစေသား။

## ဥတိဏ္ဏမင်း သမ္ဘဝီယအင်း စီရင်နည်း။

ဆင်မာန်စွယ်ကို ဥတိဏ္ဏမင်း ဆင်စီး၍ စောင်းပိုက်ဟန် ထုပြီး၊ ဘုရားရှေ့တော်မှာ။ အုန်း ငှက် ပျော ပွဲ ပြင် ၍ မန္တာန်ကို ၁၀၀၀ ဖြစ်စေ။ ၃၇ အုတ်ဖြစ်စေစုတ်။

## စုတ်ရန့်မန္တာန်ကား။

ဥုံပံလိသွားဟ။ ဟေဝိဟေဝိ။ မေတ္တံ၊ ပရိတ္တံ ပုညံ အံ သရာစံ၊ဂတံဖလံဟေဝိဟေဝိ။ နန္ဒာပီယာပီယာ၊ သုဝဏ္ဏံစ၊ သွားဟဲ့ယျ တောဝလ္လံ ဥုံနာနံစိတ္တမမသိဒ္ဓိကော၊ ဗုဒ္ဓံသွားဟဲ့ယျ ဓမ္မံ သွားဟဲ့ယျ၊ သံဃံ သွားဟဲ့ယျ၊ မမသိဒ္ဓိကော၊ဟေဝိဟေဝိ၊ဗုဒ္ဓံဝါ၊ ဓမ္မံဝါ၊ သံဃံဝါ၊ ရာဇာတိရာဇဿကုမ္မာရီ ကုမ္မာရဿ၊ သြောင်း သဗ္ဗရိတ္တ သွားဟဲ့ယျကပ်။ ဂေါရိဂေါရဿ၊ ရူပေန သရိယံ၊ ဗုဒ္ဓံသရဏံ အဗ္ဗုဒ္ဓက္ခဘယံ၊ ပစ္စောရာယာ အနုမော အနုမော။ ၃၇ အုတ်စုတ်။

## အနှီးထား။

ဥုံ ဗုဒ္ဓံ ဟောဟော၊ မွေ့ ဟောဟော၊ သံဃံ ဟောဟော၊ ထဆ ရာထ၊ ကြွဆရာကြွ၊ ၃၃-ဥတ္တိဏ္ဏမင်းစော၏ အကျိုးကား၊ ငင်းအရုပ်ကို သွေးသောက်သော် အများချစ်၏။ လက်တွင် ဆုပ်၍သွားသော် လူတကာ နှုတ်ဆက်၏။ လက်ျာ လက်က ဆုပ်သွားသော် မြင်လျှင် ချစ်ခင်၏။ နောက်က ထား၍သွား သော် အများချစ်၏။ လက်ဝဲက ဆုပ်၍သွားသော်။ မိန်းမ တိုင်းချစ်၏။ လက်ကတီးကထား၍သွားသော်၊ အိပ်မွေ့ အဟန် ကောင်း၏။ သေနတ်မီးလွဲ၏။ လက်ဝဲကထားသွားသော်၊ ဒါး လှံ-လေး-မြား မစူးမရှ၊ နံ့သာရေနှင့်သွေးသော်၊ သူသား မယား အပြီးတိုင်၏။ ပျားရည်နှင့်သွေးသောက်သော်-အသက် ရှည်၏။ တရားဆိုသော်-လက်ျာကထား၍ ဆောင်သွား တရား နိုင်၏။

## ပီယမီးထွန်းအင်းစီရင်နည်း။

| | | |
|---|---|---|
| ပီ | ယေ | သွား |
| ယေ | ၂ပါးနံ့ | ယံ |
| ဝါ | ဟုံ | ပီ |

အိုးထိန်းလက်စက်မြေကို ဆီမီး ခွက်လုပ်၍၊ ငင်းအင်းချ။ နှစ်ပါးအဝတ် စကို ကျိုးခြေ မီးဇာလုပ်၍ မီးထွန်းလာ ၏။ မန္တာန်ကား၊ ဥုံဗုဒ္ဓေဟိမမ ဗုဒ္ဓေဟိ ပီယေဟိ မမပီယေဟိ။ သိန္နေဟံ မမ သိန္နေဟံ၊ အောင်ဒေဝရာဇာသဗ္ဗကူထွိ စိတ္တံ ပီယံမှိုင်းမှိုင်း ဟောဟော၊ ၃၃ အုတ်စုတ်၊ မဆစ်ဆီ ၂ သားနှင့်ထွန်း လာ၏။

## ပီယအင်းစီရင်နည်း။

| | | |
|---|---|---|
| စ | အ | ဝ |
| မ | | ထ |
| သ | က | ယ |

၎င်းအင်းကို လက်ဖွဲ့ထိုး၍။ ငွေနှင့် အတူထား ငွေပြန်လာ၏။ အလောင်း အစား နိုင်စေလိုသော်၊ ဘယ်ခါးမှာ ထား။ ကုန်တိုက်လိုသော်၊ နံ့သာရေ မွှေး တခုခုမှာ စိမ်၍ မျက်နှာလိမ်း၍ ရောင်း မိန်းမလိုသော် နံ့သာနှစ်ပါးရေ။ ရေမွှေးတခုခုမှာ စိမ်၍ မျက်နှာအဝတ်တို့ကို သုတ်ထား၊ တရားနိုင်လိုသော် ရောင်မှာထည့်၍ပြော၊ ပယောဂနိုင်လိုသော်၊ တံစက်လက်ပြန် ရေနှင့်တိုက်။ ခွေးမဟောင်စေလိုသော်။ ညာဘက်ကဆုပ်သွား။

## ပီယလက်ဖွဲ့ထိုးနည်း။




၎င်းစက်ဝိုင်းကို။ ရွှေ ငွေမှာ၊ လက်ဖွဲ့ ထိုး၍ ၎င်းနှစ်ခုကိုယှဉ်၍ ထား ပြီးလျှင်။ မန္တာန်စုတ် ဥုံ သူရိယာနေမင်း ကောင်းကင်ခြင်းသည် လမင်းစန္ဒာဗြဟ္မာမြေသို့ ရွှရွှတက်–ဥုံအရဟံ ပီယံမမ။ ချဥ်းဆရာချဥ်း ကပ်ဆရာကပ်။ ၎င်း၏ မန္တာန်နှင့်

ငွေပြားနှစ်ခု မထပ်မခြင်း မန္တာန်ကိုစုတ်လေ။ နှစ်ခုထပ်မှ ပူး၍ လိပ်ပြီးဆောင် ပ ီယကျော်။

-o-

## သဗ္ဗပ ီယမင်္ဂလာ အင်းတော်ကြီး စီရင်နည်း။

### ၎င်းအင်းဆံကား။

| | | | | | | |
|---|---|---|---|---|---|---|
| အာ | တ | ယိ | တိ | စွော | ဒ္ဓိ | ပ |
| ချာ | ဘာ | ဒိ | မ | တ | န္ဒိ | ရ |
| ဝါ | တိ | တိ | မာ | စ | တိ | မာ |
| ဘာ | ပ | ဒိ | | သ | တ္တိ | ဒွေါ |
| သာ | မ | ဏ | တ | ဓော | ရ | ပြ |
| တိ | ယော | သ | ဟော | ဗုံ | ခ | အ |
| ဗ္ဗ | ဇ | ဒွေါ | တ္တိ | ထ | ဟ္မ | တ္တိံ |

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာတာတိစန္ဒိမာ။ သန္ဓဒွေါ ခတ္တိယောဘာတိ၊ ဈာယီ တပတိဗြဟ္မဏော။ အထ သဗ္ဗမဟော ရတ္တိံ၊ ဗုဒ္ဓေါတပတိတေဇသာ၊ ၃၇ အုတ်စုတ်။ ၎င်းအင်းကို

လက်ဖွဲ့ထိုး၍ ဆောင်သော် ဘုန်းတန်ခိုးကြီး၏ ဘေးရန်ကင်း၏။ ဤသဗ္ဗမင်္ဂလာအင်းကိုချ၍၊ စေတီဖြစ်စေ ရုပ်ပွားတော် ဖြစ်စေ၊ မိဋ္ဌာန်ပြီး ဌာပနာသော် ရောင်ခြည်တော်လွှတ်၏။အလယ်ကွက်မှာ၊ မိမိမွေးနံ့ထည့်ဆောင်ပါ။

## ပီယလက်ဖွဲ့ စီရင်နည်း။



၎င်းအင်းကို လက်ဖွဲ့ထိုး၍ ဆောင်၊ မင်းအိမ်တက်သော်၊ ထိပ်မှာထား၍သွား။ ပီယကို လိုသော်၊ ရင်ဝယ်သားကဲ့သို့ထင်၍သွား၊ အိမ်တက်သောအခါ လက်ဖွဲ့ကိုနမ်း၍ တက်။ ရောက်လျှင် ဆီး၍ကြိုလိမ့်မည်။ မိမိလိုသောစကားကို ပြော၍ ပြန်လျှင် ငို၍လိုက်လာ၏။

## ပီယမန္တာန်။

ဥုံကူမသ္မိ ဝိဟာရေ။ ကူမံ တေမာသံ ဝသံ ဥပေမိ။ ၎င်းမန္တာန်ကို မိန်းမနှင့် ကြမ်းတပြေးတည်းနေထိုင်၍၊ ၇-အုတ်မန်း။ ၎င်းနောက်မိန်းမစကားပြောနေတုန်းမန်းရမည်။ မန္တာန်ကား။ ဥုံကူတ္ထိစိတ္တံ ပီယံ မမ။ ၎င်းမန္တာန်ကို အမြဲတန်းရွတ်ပါ၊ ပီယပွဲတွေ့။

## သူရဿတီ မီးထွန်းအင်း စီရင်နည်း။

| | | | | | |
|---|---|---|---|---|---|
| | သု | ဧ | သူ | ဩ | |
| မ | ဦ | ခြင်း | န္ဒ | ဇ္ဈာ | ရ |
| ဝ | န္နော | ယှ | ခြင်း | ဝ | ရိ |
| မ | မ | ယ | နံ | သ | တ္တ |
| ပ | မေ | ယံ | ဒွေး | ခေါ | ဆ |
| | ပီ | အာ | ဒီ | ကာ | |

ငှင်းမန္တာန်ကား။ ဦ သူရသတီမေဝ သုန္ဒရိ ခေါ အာပန္နော ဇ္ဈတ္တာ၊ ကာယံမယှ ၊မမဒွေပီယ ဝစနံချဉ်းဆရာချဉ်း၊ကပ် ဆရာ ကပ်၊ ငှင်းမန္တာန် နှင့်၃ ၇–အုတ်စုတ်၊ ငှင်း အင်းကို ကိုယ် အဝတ်စ။

သူ့အဝတ်စနှစ်ခုမှာ အင်းချ၊ ပျားဖယောင်း ၅ိ–သားနှင့် ဖယောင်းတိုင်လုပ်ပွဲပေး၍ မီးထွန်းလေ။

....၀....

## သူရဿတီဓသောက်အင်းစီရင်နည်း။

| | | | | | |
|---|---|---|---|---|---|
| | ဝှ | မ္ဗူ | တြိ | သိ | |
| သ | ဥုံ | တွာ | ဇိံ | န္ဓံ | ပိ |
| ဂ္ဂေ | ဟံ | က | ဗ္ဗ | မံ | ဒ္ဓိ |
| ဒ္ဓိ | ဒ္ဓိ | မေ | သူ | ဋ္ဌ | သ |
| ဓ | တု | ဿ | သိ | သု | ဓာ |
| | နိ | ခါ | ရေ | ရ | |

ငင်း မန္တာန်ကား ဥုံ တြိပိဋ္ဌက သမ္ဗုန္ဓံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟ၊ ဇိဝှဂ္ဂေမေနိ သိဒ္ဓိတွာ၊ မံ ဓာရေတု သူရဿတီ ၃၇-အုတ်၊ ငင်းအင်းကို၃၂-ရက်စေ့အောင် သောက်၊ နေ့စဉ်မပျက် ရအောင်၊ ငါးပါးသီလ ဆောက်တည်၍သောက်ပါ၊ အကျိုးကား သူတပါးရောဂါကို ကု၍ရမည် မရမည်ကိုမေးသော် သူရဿတီနတ်သမီးဝင်၍ပြော လေ၏။ ကောင်းသောအမှုဟူသမျှအားလုံးကို အကုန်လုံးသိစေ နိုင်၏။ သူရဿတီမှော်ဝင်၏။

## အကြွမ်းတိုက် မီးထွန်းအင်း စီရင်နည်း။

| | | | | |
|---|---|---|---|---|
| က | ဗ | ဈ | န | ဂ |
| ဘ | ဓ | ခ | ဏ | ည |
| ဠ | ဇ | | ဃ | ပ |
| ဒ | ဗ | စ | ဠ | တ |
| ဆ | ဋ | ထ | ဖ | င |

ဒိုးထိန်း လက်စက်မြေ၊ နတ်စင်အောက်ကမြေ၊ သိမ်လယ်မြေ၊သင်းချိုင်းမြေ၊ ၎င်းလေးနေရာကမြေကိုပေါင်း၍၊ ဆီမီးခွက်လုပ်၍ ၎င်းအင်းကိုချပြီး၊ ကိုယ့်အဝတ်စ-သူ့အဝတ်စနှစ်ခုပေါင်းပြီး ကျိုးခြေကျစ်၍ ဆီ ၂ဝ-သားနှင့် မီးထွန်း၊အလယ်ကွက်လပ်မှာ နှစ်ပါးနံ့ထည့်၊ လာသောအင်းမြတ်တည်း။

## ဗုဒ္ဓသာသယအင်းစီရင်နည်း။

| | | | | |
|---|---|---|---|---|
| | ပေ | ကော | ခွါ | |
| မ | နင်း | | တ | နင်း |
| လော | | | | ပြန် |
| ဝက် | လှ | | တ | ကင်း |
| | ကယ် | သင် | တံ | |

၎င်းအသုံးကား။ မီးလောင်စေလိုသော်၊ဏ-လေးလုံးသွင်း၍ချ။ လင်မယားကွာစေလိုသော်၊ ပြ-လေးလုံးသွင်း၍ချ။ စုံးမသေ စေ လိုသော်၊ တိ-လေးလုံးသွင်းချ။ ရန်သူ အပေါင်းကို ပျက်စီး

စေလိုသော်။ ပေါလေးလုံးသွင်းချ။ အတတ်ပညာ လောကီအရာ ထက်မြက် ကျော်စော ထင်ပေါ်စေလိုသော်။ ပ-လေးလုံးသွင်း၍ချ။ အိမ်၌ အစောင့်အရှောက် လိုစေသော်၊ တ-လေးလုံးသွင်း၍ချ။ တစ္ဆေ သူရဲ ထစေလိုသော်၊ န-လေးလုံးသွင်း၍ချ။ ဖုတ်တစ္ဆေ ရဲစေလိုသော်၊ ည-လေးလုံး သွင်း၍ချ မိစ္ဆာနတ်ရဲ စေလိုသော်၊ ဋ-လေးလုံးသွင်း၍ချ။ သူတထူးပြုစား၍ မဖြစ်နိုင်၊ ကိုယ်ခံလိုသော်၊ စ-လေးလုံးသွင်း၍ချ။ စုံးမသေစေလိုသော်၊ ဆ-လေးလုံးသွင်း၍ချ။ စကား မပြောနိုင်အောင် လုပ်လိုသော်၊ လျ-လေးလုံး သွင်း၍ချ။ ပီယသိဒ္ဓိကိုလိုသော်။ ခ-လေးလုံးသွင်း၍ချ။ စည်းစိမ်ဥစ္စာ တည်တန့်စေလိုသော် ဓ-လေးလုံးကို သွင်း၍ချ။ ၎င်းအင်း ဗဟိုအလယ်ကွက်မှာ အလိုရှိရာ စီရင်သောကာလ လိုသောနံ့ ထည့်ရမည်။ လာဘ်လာဘ ပီယ၊ ဓန-ရာဇလိုလျှင် ရွှေငွေပြားမှာ စီရင်၍ လက်ဖွဲ့ထိုးဆောင်။ ပီယမီးထွန်းကိုလိုသော်။ သိမ်ဝင်သပိတ်ကွဲ နတ်အိုးကွဲမှာချ၍ အလယ်ကွက်မှာ နှစ်ပါးနံ့ထည့်၊ လိုသူ၏အဝတ်စ မိမိ၏အဝတ်စ နှစ်ပါးပေါင်း ကျိုးခြေကျစ်၍ မဆစ်ဆီနှင့်မီးထွန်း၊ဘေးပတ်လည် ကွက်လပ်လေးခုမှာ မိမိအလိုရှိသောသူ၏နံ့မည်ကိုရေးထည့်ပါ ဥပမာ ခင်မြင့်လာစေဟု ရေးပါ၊ လာရောက်၏။ ပရောဂ သူပြု လူပြု နတ်တိုက် စုန်းတိုက်ဆရာတိုက်ရှိလျှင် သူနာအဝတ်စကို မီးဇာပြု၍ ရေလုံအိုးကွဲမှာစီရင်၍ မီးထွန်း၊ တဝက်ထွန်းလျှင် တောင်းပန်ရ၏။ ရှေးဆရာကြီးတို့မှာထားသည်၊ ဒေါသကိုချုပ်တည်း၍ သီလကို ချစ်ပါလေ ဒေါသအလျောက် လုပ်သော် သေတတ်၏။

## ပီယမီးထွန်းအင်း စီရင်နည်း




ငှင်းအင်းဆံ ကား ... ပေဘကင်း ဝက်နှင်း ခွာပျံ လော တံ လှ မလောတ ကယ်.... ထ နည်း က.... ပေ တ.... က.... သင်.... ဝက်.... နင်း.... ခွာ....ပြံ .... တ....လံ ...မ....ကော.... နင်....တ....ကယ်....လော။

မန္တာန်ကား၊ ဥုံကုလမသိမ့် ဝိဟာရေ။ ကုမံ တေမာသံ၊

ငှင်းအင်း အရုပ်ကို မိမိ ချစ်ခင်သော သူ၏ အင်္ကျီမှာ ချ၍ မီးဇာလုပ်၊ဖယောင်း ၂ိ ၅ူး-သားနှင့်ဖယောင်းတိုင်လုပ်၍ မီးထွန်းလေ၊ မနေနိုင် အမြန်လာရ၏။ ဤမီးကို သတ်လိုလျှင် ဖက်စိမ်း ကန်တောနှင့် သတ်ပါ၊ ဒိဋ္ဌပွဲတွေ့ သျှိုကျော်။

☆

## ပီယလက်ဖွဲ့စီရင်နည်း

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၃၈ | ၆၀ |
| ၃၁ | ပီ | ယေ | သွား | ၂၄ |
| ၃၉ | ယေ | | ယ | ၃၆ |
| ၂၄ | ဝါ | ဟုံ | ပီ | ၃၁ |
| ၉၀ | ပါ | ရှင် | ၄၁ | ၆၀ |

၎င်းအင်းကို ရွှေငွေပြားမှာလက်ဖွဲ့ထိုးဆောင်၊ မန္တာန် ကား။ ဥုံနယေပရံ ယုတ္တေ။ ၃၇-အုတ် စုတ် ၍ ဆောင် သော်၊ ရာဇသတ္တ ခုနစ်ရက် သားသမီး ချစ်၏။ ကုန်ရောင်းလိုသော်၊ ၎င်းမန္တာန်နှင့်စုတ် ဥုံသိဝလိစ မဟာ လဘကြန္တာဒေဝါ သပြဟ္မာကာ၊ ကြတ္တိယောဝါပုရိသောဝါလာဘဘဝိသထိ ၃၇-အုတ် စုတ်ပြီးလျှင် လက်ဖွဲ့ကို ဆောင်သူနံထည့် နံ့သာရေစိမ်၍၊ ကုန်ကို ပက်ဖျန်းပေးပါက ကုန်များရောင်းကောင်း၏။

o....o

## ပီယဒိုးစီရင်နည်း။




မိမိ လိုသော သူ၏ ခြေရာ မြေကို ယူ၍ထားအလေးလုပ်သောဒိုးကို အပေါက်ဖောက်၍ဒိုးထဲသို့ ၎င်း မြေသွင်းပြီး ပျားဖယောင်းပိတ်၊ ဒိုးအပြင်ဘက်က ၎င်းအင်းကို နှစ်ဖက်မှာချ၊ နှစ်ပါးနံ ထည့်၍ ဒိုးကိုထိုးလေ။ ချစ်သူလာရ၏။

## ဝိသာခါပန်းတုံးဆေးနည်း။



နံ့သာနီ-၎င်းအဖြူ၊အကျော်၊ကန့်ဘလူဥ၊စမွာ၊အမျိုးကညာ၊ ပန်းသောပန်း၊ ၃၇-မင်း ပန်းပေါင်း၊ ၎င်းဆေး ၇-ပါးကို ပေါင်းကြိတ်၍ အတောင့်လုပ်ထား၊ နှတ်စင်မှာအရုံဂါထာနှင့် ၃၇-အုတ်စုတ်။ ၎င်းအရုပ်ကို ချက်မှာ ထိုးထားပါ။ ပီယ အကျော်-ပွဲတွေ့။

ဝိသာခါပန်းကုံးထိုးဆေး။

## သူရှသတီရုပ်စီရင်နည်း။

အုန်းနဲ့ကြီးပေါင်းကို အင်္ဂါ-စနေနေ့တွင်ယူ၍ နေ့ချင်းပြီး အောင် သူရှသတီဆောင့်ကြောင့်ထိုင် ဖြတ်ထု၍၊ ပွဲပြင်ပြီး မန္တာန်ကား-ဥုံမုစလိန္တာမုဆိုးဝင်၍Lိ ု။ Lိ ုမှန်းမသိ ဝင် လေတစိစိ။ ၎င်းမန္တာန်နှင့်လမ်းလေးခွမှာ ၃၇-အုတ်၊ သုသာန် မှာ ၃၇-အုတ်၊ နတ်စင်ရှေ့မှာ၃၇-အုတ်၊ ရေဆိပ်မှာ ၃၇- အုတ်စုတ်ပြီးလျှင် နံ့သာဆီမွှေးနဲ့စိမ်၍ဆောင်၊ ပီယအလွန် ကောင်း၏။

## ဣစ္ဆာသယျပုဏ္ဏကအင်းပုံ။

| | | |
|---|---|---|
| ပုံ | ဟံ | ရာ |
| က္ခ | | ဏ္ဏ |
| ကော | ဇ | ယ |

အင်းဆံကား။ပုဏ္ဏားကောဟ ယက္ခရာဇာ။အလယ်ကွက်မှာ လိုသူ နံထည့်၊ရွှေငွေပြားတွင်ချ၍ နက္ခတ် အဝင်မှာတောင်ထိပ်ပေါ်မှာ၎င်း လက်ဖွဲ့ထိုး၍ အထက်ကမန္တာန်ကို ၁၀၀၀-စုတ်၍ဆောင်သော် ရန် သူအပေါင်းပြေပျောက်၏။အဟန့်

အတားကောင်းလှ၏။ အပြိုင်အဆိုင် အနိုင်အရှုံး ဟူသမျှကို နိုင်စေလိုသော် အထက်ကမန္တာန်နှင့် ၃၇-အုတ်စုတ်၍လက်ဖွဲ့ ကိုရေစိမ်၍ မျက်နှာသစ်သွားပါက အလုံးစုံပြီးစီးနိုင်ပါ၏။ ပီယလိုသော် နံ့သာရေမွှေးမှာစိမ်၍ နှုတ်ခမ်းဆံစမှာသုတ်လိမ်း၍ သွားပါလေ။

## ချေးခေါ်လက်ဖွဲ့။

| | | | |
|---|---|---|---|
| ဥုံ | ဧ | တံ | သ |
| ရ | ဝံ | သွား | ဟ |
| ဥုံ | ဧ | တံ | သ |
| ရ | ဝံ | သွား | ဟ |

ငွေအင်းကို ရထားသွားရေး၍ချ။ ချရန်ကားကျောက် သင်ပုန်း ကွဲမှာ ကန့်ကူဆံနှင့်အင်းချပြီး၊ ဥုံတော် သရဝ သွားဟ ၃၇-အုတ်စုတ်၊ ငွေအင်းကိုရေစိမ်၍ထား၊ ငွေရေနှင့်ကုန်ကို ပက်ဖျန်း သိသိသာသာကြီးကုန်ထွက်၏။ကုန်စွန်၏။

၀....၀

## ပိယန္တာဓဆေးစီရင်နည်း။

နံ့သာနီ၊နံ့သာဖြူ၊ကတိုး၊ဆေးကမြင်းဝဆ္တံ၊ထင်းကုလားန်းမှို၊ ကြောင်နံ့သာသို၊ ဖျံသို၊ ၎င်းဆေး ၇-ပါးကိုကြိတ်၍ အလိုကျူ ကျည်တောက်တွင်ထည့်၍ မန္တာန်၁၀၀၀-စုတ်။ ဥုံကွမ်းရိုးကာမကျူ၊အောက်ရေကာကျတဟဟထဆရာထကြွဆရာကြွ။ ၃၇-အုတ်စုတ်ပြီး။ အရေးရှိက ၎င်းဆေးနှာကို ရှူလေ၊ အနံ့သွားတိုင်းချစ်၏။

## အကြမ်းတိုက်ပိယမီးထွန်းအင်းစီရင်နည်း။

| | | | | | |
|---|---|---|---|---|---|
| | ဇိ | ဒွေါ | မ | ဃော | |
| ဇိ | နံ | ဇိ | န | ဇိ | မွော |
| မေ | ပု | ပံ | သံ | ဃံ | ပါ |
| ဇိ | နံ | န | နော | ဇိ | န |
| နံ | ပါ | ပံ | ဇိ | ပံ | ရ |
| | နံ | ဇိ | န | ပါ | |

အင်းဆံကား။ ဥုံ ဇိနပါပံဇိနံပုဒွေါ၊ဇိနံပါပံ၊ ဇိနံမမွော၊ဇိနံပါပံ ဇိနံသံဃော၊ ဇိနော ရဃံ၊ ဇိနံနမေ။ ၎င်းအင်းချ ပုံကား တဝဂူမြေ၊ဈေးမြေ၊ သုသာန်မြေ၊လမ်းလေးခွမြေ၊ နတ်စင်မြေ။ ၎င်းမြေ ၅-ပါးကို ပေါင်းကြိတ်၍ မီးခွက်လုပ်ပြီးလျှင်၊ လိုသူ၏ ခြေရာမြေကိုယူ၍ မီးခွက်မှာရေဖျော်၍သုတ်လိမ်းပြီး ၎င်းအင်းချ၊လိုသူအဝတ်စကိုမီးစာလုပ်၊ မဆစ်ဆီ၅ိ-သားနှင့်ထွန်း၊ မထွန်းခင် အထက်မန္တာန်နှင့် ၃၇အုတ်စုတ်။ မနေနိုင်အမှန်လာရ၏။ သစ္စာထားပါလေ။

## မာဒဂ်ရှပ်စီရင်နည်း။



သူတောင်းစား ထမ်းပိုးကျိုးကို ခိုး၍ ယူပြီးလျှင်။ မာဒဂ်ဆောင့်ကြောင့် ထိုင်ပြီး လက်ဝဲဘက်က ခွက်ကိုင်၍ တောင်းဟန်၊ လက်ျာဘက်က ထမ်းပိုးနှင့် လွယ်အိတ် ထမ်းဟန်ထု။ ဖြိုဖြိုသသ ထုပြီးလျှင်။ စုတ်ရမည့် မန္တာန်ကား- ဥုံ ပိယ ဒေဝ မနုဿာနံ၊ ပိယ ဗြဟ္မာ မုတ္တမံ၊ ပိယာနာဂ သုပဏ္ဏာနံ။ ပိယိန္ဒြိယံ နမာမဟံ။ ခရီးထွက်နိုး။ဘုရားရှေ့မှာ။ ၃၇အုတ်စုတ်။ ၎င်းနောက် သိမ်လယ်မှာ ဥုံ ပိယေန ဝစသာသဗ္ဗေ။ ပိယေန ဝိယပါဏိနော၊ ပါဒါနုတော ဇိနော ကာသိတေနမော ဟောန္တုမံ ပိယံ၊ ၃၇-အုတ်စုတ်။ ၎င်းနောက် နတ်စင်မှာ ဥုံယေယေပဿန္တိမံ ဇနာ၊ ကံ ပဿန္တိ မနောရမ္မံ၊ ယထာဥမ္မတ္တကောဝိယ၊ ဒဿနေ နမနောရမ္မံ၊ ၎င်းနောက်လမ်းလေးခွမှာ ဥုံ ယဒိစိတ္တန္တိမံ စိတ္တံ။စိတ္တံ ဟောတိ ပိယံ ပိယံ။ ပိယေနစိတ္တေန ဒိဿွာဟောန္တု၊ မမပိယံ ပိယံ။လမ်းလေးခွမှာ။ ၃၇-အုတ်စုတ်၊ ၎င်းနောက်အိမ်တက်မှာ ဥုံယံယံဇနပတိရာတိ။ သဗ္ဗဒါ သိန္နေဟောစ မမ ပဿန္တော ကရိသံ သိဒ္ဓိဘဝတုမေသဒ္ဓါ။ ၃၇အုတ်စုတ် ၎င်းနောက် ရေဆိပ်မှာ ဥုံသစ္စာဟံ ဇိဝိတုံဂစ္ဆေ။ နရာဘုမ္မိတထာဂတော။ မံ ပဿန္တု။ ယထာကလေမေ ဇယန္တုပရာဇယေ ၃၇အုတ်စုတ်၊ ၎င်းနောက် ရွာလယ်မှာ ဥုံဒေဝရာဇာနုဒရတ္ထဖလိကမ္မ။မဟာဇနံ၊တုံယှံ ပူဇာစရိမတံ၊ပေတိဂရတထာသုခံ ၃၇အုတ်စုတ်၊၎င်း

နောက် သုသာန်မှာ ဥုံကေဠပထနမယ့်၊ ပရိပူရေယထာဒေဝ၊ တေအညဒါရေရော၊ အတ္တောနသက္ကာ ပရိပူရိတုံမမ ၃၇-အုတ် စုတ်၍ဆောင်။ ရာဇသဗ္ဗလိုတာ ပြည့်စုံပါ၏ ပီယကျော်။

## မဏ္ဍိဗေဓလာဈေးခေါ် အင်းစီရင်နည်း။

| | | | | |
|---|---|---|---|---|
| ရာ | ဇ | သ | ဗ္ဗ | ဒ္ဒ |
| ဥုံ | ၂ | ၉ | ၄ | ဓိဒ္ဓ၀ |
| ဒ | ၇ | ၅ | ၃ | ဗုဝ |
| ဒ္ဒိံ | ၆ | ၁ | ဂ | ဓာဓာ |
| စ | ဓ | ကု | ဂ္ဓ | ဟု |

ငှင်းအင်းကို ရွှေငွေပြားတွင် လက်ဖွဲ့ထိုး၍ ဆောင်။ ရာဇက္ကတ္တိရှိကောင်း၏။လှေနှင့်သွားလျှင် လှေဦးမှာ ချ၊ လှည်းနှင့်သွားလျှင် လှည်းဦးမှာချ၊ ဈေးရောင်းလျှင် ဈေးတောင်းမှာ ချပါလေ။ အလွန်ကောင်း၏၊ ငှင်းအင်းကား အပြင်ဘက်က ခရုပတ်လှည့်သွား- အတွင်းဘက်က မြင်းသွား ချပါလေ။

## တိုဆေးစီရင်နည်း။

နွားမွေး၍ နွားမ မလျက်ခင် အပေါ်ရေကို နှာခေါင်းက မြီးထူးထိအောင် ချစ်ယူ၍ ခံဆေးပြုထား....လောင်းရန်ဆေးကား....ကတိုး၊ နံ့သာနီ၊ ငှင်းအဖြူ စပါးကြီး သည်းခြေ ပဒိုင်းခတ္တာ ပဠငါးပါး နန္ဒင်း၃-ငှင်းဆေး ၆-ပါးကိုအထက်

ကရေးခဲ့သော နွားကလေးအရေနှင့် ပေါင်းကြိတ်ပြီး မန္တာန် စုတ် မန္တာန်ကား ဉုံနမောရာဇ ပိယရာဇ ချစ်မေတ္တာ နှလုံး ကြီးသို့ထုံး၊ နှလုံးငါသို့ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်... ၁၀၈ အုတ်စုတ်၊ ၎င်းနောက် ၃၃-အုတ်ထပ်၍စုတ် လိုသောအခါ နံ့သာရေနှင့် သွေး၍တို့လေ ခပ်လေ။

## ဆရာကတိုး၏ဆေးနီကျော်

ဂမုန်းကျက်လာ ဂမုန်းကတိုး ဆင်ထူးပြွတ် ဆင် အထက်မုန် ဆင်အောက်မုန် ကာလခန္တိ ထိကရုံး စပါးကြီး သည်းခြေ ပြည့်တံဆာမပန်သောပန်း အရှုးပန်သော ပန်း မင်္ဂလာဆောင်ပန်း နတ်ဝင်ကတော်ပန်သောပန်း ပတုံးချေ ပတုံးတောင် ကတိုး ၎င်းဆေးကို ပေါင်းကြိတ်ပြီး နေသွေ့ အောင်လှမ်းပြီး ဘုရားရှေ့တော်မှာ–အုံးပွဲပြင်၍ ဆွမ်း ရေ ချမ်း ဆီမီးထွန်းပြီး မန္တာန်စုတ် မန္တာန်ကား။ ဉုံစိတ္တံသိန္နေ ဟံပိယံမှိုက်မှိုင်း ဉုံပုတ္တဝါရာဇာမှိုက်မှိုင်း ဉုံသံဒွေါသိဒွေါ မမသိဒွေါပိယေဟိ မှိုက်မှိုင်းသွားဟုံ ၃၃-အုတ်စုတ်ပြီးလျှင် ကောင်းမွန်စွာထား သုံးလိုသောအခါ နံ့သာရေဖြစ်စေ ရေ မွှေးဖြစ်စေ တခုခုမှာစိမ်၍ နဖူးဆံစပ်မှာ သုတ်လိမ်းသွား ချစ် ခင်၏။တို့လည်းရ၏ခပ်လိုသော်မိမိရင်သွေးနှင့်ရော၍ခပ်ပါလေ။

...*....

## ပီယသိဒ္ဓိဆေးစကျဉ်

ပန်းဥ ပန်းမ ကန့်ဘလူ ပဲနံ့သာ ပန်းရင်း ပန်းညို ပဲစိမ်းနီ ရိုးတုံး ဥပသကာ နံ့သာငါးပါး ၎င်းဆေးစုကို ပေါင်းကြိတ်ပြီး နေသွေ့အောင်လှမ်း၍ ခြောက်လျှင် သုရဿတီ ရှိခိုးဟန်ထု ဆံမြိတ်သွယ်စေပြီးလျှင် ရွှေချပြီး ပွဲစုံပြင်၍ မန္တာန်စုတ်ရမည်။

မန္တာန်ကား ဥုံရာဇသဗ္ဗဒေဝီနံပိယံမမ၊ သဗ္ဗကုတ္တိနံပိယံ မမ။သဗ္ဗဒေဝါနံပိယံမမ၊ သဗ္ဗဥရာဇာနံ ပိယံမမ။ သဗ္ဗအာ မစ္စာနံ ပိယံမမ။ သဗ္ဗသတ္တရ ဝိနသဿန္တု။ အသေသတော ဟောန္တုနံ။ ပထဝိနာဂေါ သကလရော မဏ္ဍိမေခလာနံပိယံ မမ။ ဘုမ္မာဒေဝါနံပိယံမမ။ အာကာသဒေဝါနံ ပိယံမမ။ ၎င်းမန္တာန်နှင့် ဘုရားရှေ့နတ်စင် အထိကရသစ်ပင်အောက်မှာ ၃၇အုတ်စီစုတ်ပါလေ။၎င်းဆေးကိုဆောင်ထားပါက သွားလေ ရာမြင်သမျှလူပေါင်း ချစ်ခင်စုံမက်လာပါ၏။ မိမိဉာဏ်နှင့် ဆင်ခြင်သုံးသပ်၍ သုံးတော်မူကြပါလေ။

## နေ-လနှစ်ပါးပိယဆောင်ဆေး။

ကတိုး ကန့်ဘလူ နံ့သာငါးပါး ပဲနံ့သာ တောစပယ် ပန်း ခွာညိုပန်း ပိတောက်မှို ကညာပျိုခုနစ်ယောက် ပန် သောပန်း သိမ်ဝင်ပန်း သိမ်ဝင်ဆံ ၎င်းဆေးစုကို နံ့သာရေ နှင့်ကြိတ်၍ နေသွေ့အောင်လှန်းပြီး လက်ျာ လက်ဝဲ ပွဲပြင်၍။

အ၀င်နက္ခတ်မှာ မန္တာန်စုတ်၊ ဦးနေမင်းကြီးစွာ သိန္နေဟ အာဂစ္ဆာဟိ ဟော်ဟော်မမ ၃၇-အုတ်စုတ်။ ၎င်းနောက်....ဦး နေမင်းကုန္ဒာဖြဟ္မာစကြ ဟော်ဟော်မမ။ ၃၇-အုတ်စုတ်၍ဆောင် ရာဇ သဗ္ဗ ကုတ္တံ ပူရိသ မြင်သမျှ ချစ်ခင်၏။

☆

## ရွှေလိပ်ပြာစဆေးစီရင်နည်း။

ဥပသကာ ပဲနံ့သာ နံ့သာငါးပါး ထင်ရှူး ပန်းညို ကတိုး ဒန္ဒကူနီ ၎င်းအဖြူ ကန့်ဘလူ ပန်းဥ နံ့သာဆီ ဖုမ္မ သိမ် ၎င်းဆေးအစုကို ပေါင်း၍ကြိတ် နေသွေ့အောင်လှန်း လဝန်းကဲ့သို့ ပြား၍ထား အ၀င်နက္ခတ်ကြုံသောအခါ ဘုရား ရှေ့တော်တွင် ပွဲနှစ်ပွဲပြင် တပွဲက ဘုရားပွဲ၊ တပွဲက သူရဿတီပွဲ ပြင်၍ ၎င်းဆေးကို မန္တာန်စုတ် ဦးသိဝလိသိဝလိ မန္တသိဝလိ မန္တသိဝလိ ဂစ္ဆတိဗုဒ္ဓေါ ဘဝိဿတိ ၃၇-အုတ်စုတ်။ ၎င်း နောက်သူရဿတီအမည်ရှိသောနတ်သမီးသည် မမ အကျွန်ုပ်၏ ဇိဝှာဂ္ဂေ လျှာဖျား၌ ဒိနေ့ ဒိနေ့ နေ့တိုင်းနေ့တိုင်း၌ တိဋ္ဌာတု တည်ပါစေသတည်း။ ၇-ခေါက်ရွတ်၍ ဆောင်သော် ပိယ သိဒ္ဓိ ရာဇသိဒ္ဓိ ပေါက်၏။ လက်မှာ ရွှေလိပ်ပြာရုပ်ကိုထိုး ၎င်း လိပ်ပြာထက်မှာ ခုနစ်ရက်သားသွီး နေ့နံ့ထည့်ပါ၊ မိန်းမနှင့် စကားပြောလျှင် လိပ်ပြာရုပ်ကိုပွတ်၍ စကားပြောပါက မနေ နိုင်အောင်ဖြစ်၏။ သစ္စာထား၍သုံးပါ။

## မဟာပိယဆေးနိလေးစီရင်နည်း။

နံ့သာဖြူ၊ အကျော်၊ စမွှါ၊ ကရမက်၊ ဒန္တကူနီ၊ ငင်းအဖြူ၊ ဥပသကာ။ ရိုးတုံး၊ ပန္နူ၊ ပန်းမ၊ ပန်းရင်း၊ ကန့်ဘလူ၊ ပဲနံ့သာ၊ ပဲစိမ်းနို၊ ငင်းဆေးစုကို အုံးရည်နှင့်ကြိတ်၊ အဝင်နက္ခတ်မှာပွဲပြင်၊ မိန်းမအဝတ် စုံလင်စွာထည့်၍ မန္တာန်စုတ်၊ ဥုံရာဇသိပ္ပဋ္ဌာနံ ပိယံမမ၊ သကာလက္ကတ္တိနံ ပိယံမမ။ သကာလ မဟာဇနသတ္တမနုဿာနံ ပိယံမမ။ သဗ္ဗ ဥမရာဇာနံ ပိယံမမ။ သဗ္ဗ အမစ္စာနံ ပိယံမမ။ သတ္တရူပိနာသန္တု အသောသတော။ သြောင်ဟေဋ္ဌာနံ ပထဝီနာဂေါ သာဂရေ မဏိမေခလာနံ ပိယံမမ။ ဘုမ္မာဒေဝါနံ ပိယံမမ။ ရုက္ခဒေဝါနံ ပိယံမမ။ အာကာသဒေဝါနံ ပိယံမမ။ ဘုရား-နတ်-သိမ်-အထိကရ သစ်ပင် လမ်းလေးခွမှာ၊ ၃၇-အုတ်စုတ်၍ဆောင်သော် ချစ်ခင်စုံမက်၏။ ခပ်လိုသော် မိမိရင်သွေးနှင့်ခပ်။ နံ့သာဆီနှင့် နဖူးဆံစပ်မှာလိမ်း မြင်သမျှချစ်၏။

....:o:....

## ဝိသာခါဒိယအင်းကျော်။

| | | | |
|---|---|---|---|
| | ဥုံ | ဣ | |
| ဗ | စိ | ယံ | ရာ |
| ပိ | ဇ | တ္တိ | တ္တိ |
| | နု | တ္တံ | |

၎င်းအင်းကို မြင်းသွားချပါ၊ ၎င်းအင်းကို ကျောက်ပျဉ်မှာချ၍ နံ့သာနီ၊ ၎င်းအဖြူ တို့ကို သွေးပြီးလျှင် ဥုံ သူရဿတီ မယ်ညိုလင်ကိုလို၏။ လင်လှပေးမည်၊ ကာမတဏှာ နတ် သူဇာမကြာခဏ ထဆရာထ ချဦး ဆရာချဦး ၃၇ အုတ်စုတ်၍ နဖူးဆံစပ် သုတ်လိမ်း၍သွား မြင်သမျှချစ်ခင်၏။

## ပိယခပ်ဆေးစီရင်နည်း။

ဆယ်ရွာနတ်စင်ကပန်း။ ဆင်ထူးဖြတ်၊ ဆင်အထက်မုန်၊ ဆင်အောက်မုန်၊ နံ့သာနီ၊ ၎င်းအဖြူ ၎င်းဆေးစုကို ပေါင်း၍ နတ်ရဲသစ်ပင်မှာမြှုပ်ပြီးလျှင် ၇ ရက်စေ့သောအခါ ဖော်ယူပြီးကြိတ် မန္တာန်ကား။ ဥုံ မိမ္မဖြူပြာ နင့်တဇာ။ တဏှာသုတ်ချေး ခရုမှေး အရေထံစွာ နင့်တဇာ လျှင်စွာ ထဆရာထ။ ဥုံဆေးမင်းရာဇာ မြသိကွာ ဂနာခြသေ့ဟောက်၊ ဣတ္ထိမုခဝင်တုံလေက ကာမေတဏှာ အဝိဇ္ဇာ လျှင်စွာငါ့သို့ ချဦးဆရာချဦး ကပ်ဆရာကပ်။ ၃၇ အုတ်စုတ်ပြီး။ မိမိလိုသောသူကို မိမိရင်သွေးနှင့်ခပ်။

## ဆင်မာန်စွယ်သူရဿတီရုပ်စီရင်နည်း

သူရဿတီဆောင့်ကြောင့်ထိုင်
အောက်က ဖားရုပ်ခံထု၊ လက်ျာလက်က
နို့ကိုအုပ်ဟန်၊ လက်ဝဲလက်က
အင်္ဂါဇာတ်ကို အုပ်ဟန်ထု၊

ဆင်မာန်စွယ်ကို သူရဿတီ ဆောင့်ကြောင့်ထိုင်၊ ဖင်အောက်က ဖားရုပ်ခံ၍ထု၊ သူရဿတီ လက်ျာလက်က နို့ဖုံးဟန် လက်ဝဲလက်ကအင်္ဂါဇာတ် အုပ်ဟန်ထုပြီး အင်္ဂါဇာတ်ကို အပေါက်ဖောက်ထားပါ။ ၎င်းအရုပ်ကို ၇-ရက်သိမ်းနို့ ရေနှင့်စိမ်၍ မန္တာန်စုတ်၊ ဥုံသူရဿတီ စန္ဒ ပိဿနိုး မနိုး တီတိ လေးလအိပ်။ မအိပ်မစက် မယ်ကြင်ဘက် အသက် ငါ့ကို ဝေဘိလော့၊ ပညာငါ့ကို မျှဘိလော့ သွားဟာ ၁၀၀၀-စုတ်။ နေ့ကိုလှဲ၍ မန္တာန်စုတ်။ ညကိုထောင်၍ မန္တာန်စုတ်ပြီး ဆောင်သော်။ ကွမ်းရိုးနှင့် စကားပြောတုန်း အင်္ဂါဇာတ်ကို ထိုးပေးပါ ပီယကျော် ပွဲတော့။

*

## သူရဿတီဆောင်နည်းဆေး။

သူရဿတီဆေးရင်း....ကတော်၄....ပါးဆေး.... သူရဿတီ

သူရဿတီဆေးရင်း....ကတော်၄....ပါးဆေး.... သူရဿတီ ဆေး....အရှုးပန်သောပန်း လမ်းကျပန်း....နတ်ဝင်ပန်း....အပျို ပန်သောပန်း....ပြည့်တန်ဆာမ ပန်သောပန်း.... အပျိုလူးသော သနပ်ခါး....ပြည့်တန်ဆာမလူးသော သနပ်ခါး....မသာပန်း.... ဘုရားတင်ပန်း....၎င်းဆေးကို ၁၂-ပါးကို မင်းမာဂီရိနတ်အုန်း ရေနှင့်ကြိတ်။ ၎င်းဆေးကြိတ်သောအခါ ကျောက်ပျဉ်မှာချရန် အင်းကား အောက်ပါအတိုင်းချ ကျောက်ပျဉ်မှာ ၎င်းအင်း ချပြီး အထက်ပါဆေးကို ပေါင်းကြိတ် အတောင့်လုပ်၍ နေ သွေ့အောင်လှန်းပြီးလျှင် သူရဿတီ နှစ်ရုပ်ပူး ကာမရောဂစပ် ယှက်ဟန်ပြီသစ္စာထုပြီး။ခေါ ထဲတွင် အမဲစိမ်း၊ ငါးစိမ်း၊ ထမင်းဖြူ၊ ထမင်းနီထည့်၍ နတ်ရဲ သစ်ပင်မှာ မန္တာန် စုတ်၊ ဥုံသူရဿတီစန္ဒီမယ် ညို လင်ကိုလို၏။လင်လှပေး မည်၊ကာမတဏှာ နတ်သူ ဇာ ပြင်းစွာစစ်ဆင် လုတ ကာလည်း မေတ္တာလော လောခြင်း။ ယောကျ်ားရှိ ရာ နတ်ဒေဝါ။ အရာဟောင်းသို့ကပ်။ ၁၀၀၀ စုတ်ပြီးမှ ရေဆိပ်နတ်စင် လမ်း၄-ခွမှာ ၁၀၀၀စီစုတ်ပြီး ပုခက်တွင် တင်၍ ကျူးရမည့် မန္တာန်ကား။ ဥုံမိမ္မဖြူပြာ နင့်တန်ဆာ

| | | | |
|---|---|---|---|
| | ဥုံ | ဣ | |
| ပ | ဝိ | ယံ | ရာ |
| ပိ | ဇ | တ္တိ | တ္တိ |
| | နု | တ္တံ | |

တဏှာသုတ်ခြေး ခရမှေး အရေးထံစွာ နင့်တန်ဆာ လျှင်စွာ ထဆရာထ ကြွဆရာကြွ ဥုံဆေးမင်းရာဇာ မြသိက္ခာ ဂုဏာ ခြသေ့်ဟောက်၊ ကုတ္တိမုခဝင်တုံလောက ကာမေတဏှာ အဝိဇ္ဇာလျှင်စွာငါသို့ ချဦးဆရာချဦး ကပ်ဆရာကပ်၊ ၃၇-အုတ် ကျူးလေ။ ရာဇ ကုတ္တိပုရိသ မြင်သမျှချစ်၏။ ခပ်လိုလျှင် မိမိ ရင်သွေး၊ ပေါင်ကြားကျိုး-ရင်ကျိုး ၎င်းသုံးပါးနှင့်ခပ်၊ ယော ဆရာတော်ကြီးနည်းဖြစ်၏။

(စနေမီးသွေးကို ဂဝံစီရင်နည်း)

စနေသား-စနေနေ့သေ-စနေနေ့သင်္ဂြိုဟ်သော စနေမီးသွေး ကိုယူ၍ ဂဝံရုပ်ထု၊ လက်ျာလက်က မျက်နှာဖုံးဟန်၊ လက်ဝဲ လက်က အင်္ဂါဇာတ်ကို ကိုင်ဟန်ထုပြီး သစွေးသရိုးသုတ်၍။ ဘုရားရှေ့-နတ်စင်ရှေ့ သချိုင်း၎င်းသုံးဌာနမှာ၊ မန္တာန် ၁၀၀၀ စီစုတ်၊ ဥုံလောဟိကန္တာဟမှိုင်း ပျက်မှိုင်း—မှိုင်းဆရာမှိုင်း ၁၀၀၀—စုတ်၊၎င်းနောက်နှိုးရမည့်မန္တာန်ကား။ဥုံကြွကြွ၊မဟာ ကြွကြွ၊ တရုပ်ကြွ—ကြွဆရာကြွ၊ ထဆရာထ။၎င်းမန္တာန်နှင့် ၃၇- အုတ်စုတ်ပြီးဆောင်။ မိန်းမအရိပ်ကို နင်းမိလျှင် အော်လိမ့်မည်။ ငြိမ်သက်စွာနေ၊ လန့်ပြီးပြေးလျှင်ပြန်ခဲ့။ ၎င်းမိန်းမသည် ကာမ စိတ်ကြွ၍ မမြင်ရမနေနိုင် မထိုင်နိုင်ဖြစ်လိမ့်မည်။

(သဘ်ရင်းကျိုးပေါင်း ဂဝံစီရင်နည်း။)

သက်ရင်းကျိုးပေါင်းကို။ ဂဝံဆောင့်ကြောင့် ထိုင်ဟန်ထု၊ နံ့သာငါးပါးရေတွင်စိမ်၍ ဘုရားရှေ့တော်မှာ။ ဆွမ်း ရေချမ်း ဆီမီးတင်လျက် မန္တာန်စုတ်။ ဥုံ ဂဝံ ပတိ ဥပါလိ၊တိဿမ ရက္ခန္တု။ ၃၇ အုတ်စုတ်။ အရေးရှိလျှင်။ ၎င်းမန္တာန်နှင့် ၇- ခေါက်ရွတ်၍သွား၊ ရာဇသဗ္ဗ ကုတ္တိအပွင့်တောင်း၏။

### သဗ္ဗသိဒ္ဓိရွှေအိုးစည်စီရင်နည်း။



ငှင်းဆေးကား။ ပန်းပေါင်း ဂမုန်းပေါင်း၊ ဂုံကမံ၊ ဂေါရောဇင် မင်းပေါင်း၊ ပျံ့ပေါင်း၊ ကြိတ်ပေါင်း၊ အိပ်ပေါင်း၊ ဆေးရိုးကြီးပေါင်း၊ ငှင်းဆေးကို မန္တာန်စုတ်ရန်ကား။ ဉုံဟုတ်စရိက၊ စန္ဒာလဟွတ်၊စဏာယှိုင်း ၃၇-အုတ်စုတ်စစ်ချိ-စစ်ထိုးရာမှာ ဆောင်သောရွှေအိုးစည်ဆေး။ ကာယ, ပိယ, မန, အောင်မြင်၏။

....၀....

### ကျေးညီနောင်ထိုးဆေးစီရင်နည်း။



ကြက်တူရွေး သည်းခြေ။ ကြက်တူရွေးတကောင်လုံးကို မှင်ခံယူ၊ နွယ်ဝင်....နွယ်လိန်၊ သစ်ကျိုတ်-ညွန့်ပေါင်း.... စမုန်းပေါင်း....ပန်းပေါင်း-နံ့ သာငါးပါး- ကတိုး-ငှင်းဆေးကို အမှုစီစု၍၊ ကတို့ပျက်

ရှုကြိတ်။ ပွဲစုံပြင်ပြီး။ မန္တာန်စုတ်၊ ဥုံ သူရဿတီဒေဝီ--မေ မာတာ-မာတာစမေ သူရဿတီဒေဝီ။ အနုကမ္ပ ဥပါဒါယ-ဉာဏ ဒေဟိ၊ သူရဿတီဒေဝီ။ ဟေဟိဟေ အာဂစ္ဆန္တုပ်ိယံမမ။ ၃၇-အုတ်စုတ်ပြီး တတောင်ဆစ်တွင်ထိုးပ်ိယပွဲတွေ့ကျော်။

ခးဝးဧ

### အောင်ပ်ိယထိုးဆေးစီရင်နည်း။



ပဒိုင်း အမွှာ သီး အိမ်မြှောင် အမြီးနှစ်ခွ မြင်းသီလာ ကျောက်၊ နံ့သာငါးပါး။ ကတိုး ဖုမ္မသိန်၊ ပဲနံ့သာစေ့၊ ပန်းညို ၎င်း ဆေးကို ပေါင်းကြိတ်ပြီး အတောင့်လုပ်၍ထား။ သူရဿတီ ပွဲပေးပြီး မန္တာန်စုတ်၊ ဥုံသူရဿတီဒေဝီ၊ မေမာတာ–မာတာစ မေ သူရဿတီဒေဝီ၊ အနုကမ္ပ ဥပါဒါယ–ဉာဏ ဒေဟိသူရဿတီဒေဝီ၊ ဟေဟိဟေအာဂစ္ဆန္တုပ်ိယံမမ။ ၃၇–အုတ်စုတ်၊ ၎င်း နောက်အထက်ကပြထားသော အိမ်မြှောင်ပုံအတိုင်းထိုး၊ ပြီးလျှင် ၎င်းမန္တာန်နှင့်ထပ်၍စုတ်။ ဥုံသူရဿတီ နေမင်းကောင်းကင်ခြင်းသည် လမင်းစန္ဒာဗြဟ္မာမြေသို့သက်၊ ရွှရွှတက်။ ဥုံ အဟံပ်ိယံချဉ်းဆရာချဉ်း ကပ်ဆရာကပ်။ ၇-အုတ်စုတ်လေ။ ပ်ိယထိုးဆေးကျော်။

## ဝိယဝုဏ္ဏားရှင်စီရင်နည်း။



၎င်းပုဏ္ဏားရုပ်ကို ငွေရွှေ တွင် လက်ဖွဲ့ထိုး၍ဆောင် မူကား နှာပွင့်လန်း၏။ မင်းအိမ်တက် သော် နံ့သာ ရေကို စိမ်၍ သောက်၊ ၎င်းလက်ဖွဲ့ကိုခေါင်း မှာထား၊ မင်းချစ်စေလိုသော် လက်မှာဝတ်၊ မင်းချစ်၏။ မင်း မိန်းမ ချစ်စေလိုသော် နံ့သာ ဖြူစိမ်၍သောက်၊ ၎င်းလက်ဖွဲ့ကို ခါးမှာထား၊ စစ်တိုက်သွား သော် ၎င်းလက်ဖွဲ့ကို ရေစိမ်လိမ်း၊ ၎င်းလက်ဖွဲ့ကို ကရမက်ရေ စိမ်၍သောက်၊ တမျိုးလုံးချစ်၏။ ဈေးခေါ်ကို လိုသောအခါ နံ့သာငါးပါးရေကိုစိမ်ပက်၊ ကုန်ထွက်၏။ ၎င်းလက်ဖွဲ့စုတ်ရန် မန္တာန်ကား။ ဥုံဗြဟ္မာဇနုံ၊ သိဒ္ဓိသံသဗ္ဗ ပညာရဒုတ္တံ မံဒီ တွတ္တစိတ္တံ သိမက္ခဘလိ၊ ဘုရား၊ နတ်စင်။ ရေဆိပ်၊လမ်းလေး ခွမှာ ၁၀၀၀၀-စီစုတ်ပါ။

## သူရဿတီဆေးစီရင်နည်း။

နံ့သာငါးပါး၁ိ၊ကန့်ဘလူဥ၁ိ၊ပန်းဥ ၁ိ၊ ပဲနံ့ သ[illegible]စေ ၁ိ။ ခုနစ်မောင်းက စင်ထွက်သောဆံ ၇-စေ့ယူ၊ ၎င်းဆေးကို ပေါင်းကြိတ်ပြီးလျှင်၊ သူရဿတီမန္တာန်နှင့်စုတ်။ ဥုံ သူရဿတီဒေဝီ၊ မေမာတာ၊ မာတာစမေသူရဿတီဒေဝီ၊ အနုကမ္ပံဥပါဒါယ

ဒါယ၊ ဉဏှာဒေဟိ သုရသာတီဒေဝီ၊ ဟေိ ဟေိ အာဂစ္ဆန္တုု ပီယံမမ၊ ၎င်းမန္တာန်ကို ၃၇-အုတ်စုတ်ပြီးနောက် ဥုံမိန်းမဖြူပြာ နှင့်တံဆာ တဏှာသုတ်ချေး၊ ဂရုမှေးအရေထံစွာ နှင့်တံဆာ လျှင်စွာ ထဆာရာထ၊ ကြွဆာရာကြွ၊ ဥုံဆေးမင်းရေဇာ၊ မြသိက္ခာ ဂုဏခြင်္သေ့ဟောက်၊ ကုဏ္ဍိမုခေ၊ ဝင်တုံလေက၊ ကာမေတဏှာ အဝိဇ္ဇာ လျှင်စွာငါသို့ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်....၎င်း မန္တာန်နှင့် နတ်စင်မှာ ကွမ်းလဘက်တင်၍ ၃၇-အုတ်စုတ် လေ။ တို့-ခပ်ဆောင်-ပီယကျော် ဆရာတော်ကြီးနည်း။

●

## ပိယာထိုးဆေးစီရင်နည်း။

ဂမုန်းပေါင်း၊ ပန်းပေါင်း၊ မင်းပေါင်း၊ ၃၇မင်း နတ်ကန္ဒွား ကျပန်း၊ လမ်းကျပန်း၊ ပြည့်တန်ဆာမ ပန်သောပန်း၊ ၎င်း ဆေး ၆ပါးကို ပေါင်း၍ နတ်စင့်ရှေ့မှာ ပွဲပြင်၍ ဥုံစိတ္တ သွားဟ။ ဆေးကြိတ်ရင်း စုတ်ပြီးလျှင် အတောင့်လုပ်၍ထား၊ ၎င်းနောက် စုတ်ရန်မန္တာန်ကား။ ဥုံသဗ္ဗဗုဒ္ဓံ၊ ဥုံသဗ္ဗဓမ္မံ၊ ဥုံသဗ္ဗသံဃံ၊ ကုဏ္ဍိပူရိသတကော၊ မပဟေိဟေိဖလံ၊ ကပ် ဆရာကပ် ချဉ်းဆရာချဉ်း ၃၇အုတ်စုတ်။ ၎င်းနောက် ဥုံ သဗ္ဗဒေဝါ သရက္ခာစ၊ ဘူတာပရိတ္တစ။ ဇော်ဂနီ ပရိတ္တာစ၊ ဥုံဒေဝါ၊ ဒေဝါကညာ၊ နာနာဒေဝါဝရာဝရံ၊ သဗ္ဗေသဗ္ဗသာမိ












သိန္နေဟံ သိန္နေပာံ၊ ၃၇အုတ်စုတ်၊၎င်းဆေးကို ထိုးဟန်ပုံကား အထက်ပါအတိုင်းထိုးပါ။ ရွှေယင်၊ ပိုးဟတ်၊ ပင့်ကူ၊ အိမ်မြှောင်တို့ကို ပြေးဟန် လိုက်ဟန် လက်မောင်း အတွင်းမှာ အဆင်း အတက် ထိုးလေ၊ ရာဇနဲ့ ပတ်သက်လာလျှင် ရွှေယင်ကို သုံးခါပွတ်၊ ဆရာနဲ့ ပတ်သက်လာလျှင် ပိုးဟတ်ကိုပွတ်၊ မိန်းမနှင့်ပတ်သက်လာလျှင် အိမ်မြှောင်ကိုပွတ်၊ ဒိဋ္ဌပိယကျော် ယောဘုန်းကြီး ဦးနန္ဒနည်း။

*

## ဝိသာခါဆေးကြီး။

တနင်္ဂနွေနေ့မှာ ပန်းဥကြိုတ်၊ တနင်းလာနေ့မှာ ဥပသကာကြိုတ်၊ အင်္ဂါနေ့မှာပန်းညိုကြိုတ်၊ ဗုဒ္ဓဟူးနေ့မှာကန့်ဘလူကြိုတ်၊ ကြာသပတေးနေ့မှာ ကရမက်ကြိုတ်၊ သောကြာနေ့မှာ ပဲနံ့သာစေ့ကြိုတ်၊ စနေနေ့မှာ နံ့သာနီကြိုတ်၊ ၎င်းဆေး ၇ပါးကို ပေါင်းကြိုတ်၍ ဝိသာခါရုပ်ထု၊ မာလ္လိကာတန်ဆာနှင့်တကွ ပီသစွာထု၍ ကျည်တောက်တွင်ထည့်၊ လုံလုံပိတ်၍ ရေဆိပ်တွင် နတ်ပွဲတပွဲပေး၍ မန္တာန်ကား ဥုံရာဇပုတ္တနာရီ၊ ကူတ္တိပုရိသ၊ သီရိမာယာ၊ ဝိသာခါ မနံစိတ္တံ၊ ပီယံမမ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်။ ၎င်းမန္တာန်နှင့် ၃၇အုတ် စုတ်ပြီးလျှင် ရေဆိပ်မှာ ၎င်းဆေးကို ၇ရက်မြှုပ်ထား။ ၎င်းဆေးမြှုပ်သောအခါ ဆိုရမည့်စကားမှာ မေခလာနတ်သမီး အကျွန်ုပ် ဝိသာခါမကို အတတ်ပညာတတ်အောင်သင်ပါ။အကျွန်ုပ်တို့အလိုဆန္ဒရှိသည့်အတိုင်းပြည့်စုံအောင်ပြုပါ။ စေခိုင်းတိုင်း စိတ်ထင်တိုင်းဖြစ်ပါစေ၊ လိုအပ်သောဆန္ဒနှင့် ပြည့်စုံပါစေဆို၍ မြှုပ်ထားခဲ့၊ တနေ့ကို ရေတမှုတ် ထမင်းတဆုပ်နှင့် ၇ရက်လယ်အောင်ကျွေး၊ ကျွေးတိုင်း ကျွေးတိုင်း အထက်ကအတိုင်းဆိုပါ ၇ရက်စေ့သောအခါ ဖော်၍ယူ၊ ယူသောအခါဆိုရမည်ကား မေခလာနတ်သမီး၊အကျွန်ုပ်ဝိသာခါမသည် အတတ်ပညာတတ်ပါပြီ။ အကျွန်ုပ်ခိုင်းတိုင်းစေတိုင်း၊ စိတ်ထင်တိုင်း လိုသောဆုကို ပြည့်စုံပါပြီဆို၍ ဖော်ယူလေ၊ ၎င်းနေရာမှာပင် မန္တာန်စုတ်ရမည်။ ဥုံရာဇပုတ္တနာရီ ကူတ္တိပုရိသ။ သီရိမာယာ၊ ဝိသာခါမနံစိတ္တံ

၃၇အုတ် စုတ်ပြီးလျှင် ပီယံမမ ချဉ်းဆရာချဉ်း ကပ်ဆရာကပ် ၃၇အုတ် စုတ်ပြီးလျှင် ပုခက်ပေါ်မှာ ယူခဲ့။ ၎င်းဆေးကို နံ့သာရည်နှင့်ကြိတ်ပြီးလျှင် ပုခက်ပေါ်မှာ တင်၍ကျူးရမည်။ မန္တာန်ကား ဥုံရာဇသဗ္ဗတာနံ ပီယံမမ။ သဗ္ဗသတ္တာရုဝိနာသန္တု။ အသေသတော၊ ဩြောင်ဟော္ဌာပထဝီ နာဂါ။ သဂါရာ မဏော်မေခလာနံ ပီဂါံမမ၊ ဘုမ္မဒေဝတာပီယံ မမ။ ရုက္ခဒေဝတာ ပီယံမမ။ အာကာသဋ္ဌ ဒေဝတာပီယံမမ။ ၎င်းမန္တာန်နှင့် ပုခက်ပေါ်မှာတင်၍ ကျူးပြီးလျှင် အတောင့် လုပ်၍ထား။ နောက်ကမှတ်ခဲ့သောမန္တာန်နှင့်ထပ်၍ ၃၇အုတ် စုတ်ပါ။ ၎င်းဆေး၏အကျိုးကား ၇ရက်သားသမီးတို့ ချစ်စေ လိုသော် ချက်နှင့်တကွ လိင်မှာသုတ်၊ နဖူးမှာမှန်ကူ။ မင်းချစ် စေလိုသော်၊ နှုတ်ခမ်း နဖူးမှာသုတ်၊ ဣတ္ထိလိုသော် ချက်နှင့် တကွသုတ်၊ ဝိသာခါဆေးပြီး၏။

## (ရှင်သာမဏေရုပ်စီရင်နည်း)

နံ့သာဖြူကို၊ သက်န်းရုံ၊ သပိတ်ပိုက်၍ ဆွမ်းခံကြွဟန်ထုပြီး လျှင် ဘုရားရှေ့၊ နတ်စင်ရှေ့၊ ညောင်ပင်ရှေ့၊ ရေဆိပ်၊ ရွာလယ်၊ ၎င်းငါးဌာနမှာ မန္တာန်၁၀၀၀စုတ်၊ ဥုံဂိလာနံ ဝုရိသာစ၊ မမမေတ္တာစ၊ ဒိပက်ရော၊ ကိုရင်ထထ၊ ၎င်းမန္တာန် နှင့် ၁၀၀၀စုတ်ပြီးလျှင် ရေမွှေးစိမ်၍ထား၊ ကုန်ရောင်းသွား၊ မင်းထံသွားသော်၊ မိန်းမထံသွားသော်။ ကြွေးတောင်းသွား သော် ၎င်းသာမဏေကို လက်ျာလက်တွင်ဆုပ်၍ လက်ညှိုး ညွှန်၍ အလိုရှိရာ တိုင်တည် သွားပါလေ။ မိမိမျက်နှာမြင်က ရင်ဝယ်သားကဲ့သို့ ချစ်ခင်၏။

## ယ်သီတာလက်ဖွဲ့စီရင်နည်း။

မယ်သီတာနှင့် မျောက် ပေါင်းဖော်ဟန် ရွှေငွေပြားမှာ ရေး၍ လက်ဖွဲ့ထိုးပြီး ၎င်းလက်ဖွဲ့ကိုနံ့သာရေမှာစိမ်၍ မန္တာန်စုတ်။ ဥုံသျှ ပိုတ် သျှ ကပ်။ ဥုံပိတ်သျှ ကပ်ဆရာကပ် ၃၇ အုတ်စုတ်၍ဆောင်၊ ရာဇသဗ္ဗပီယကောင်း၏။

## ပီယလက်ဖွဲ့စီရင်နည်း။

(ကေပုတ္တာ မနုရက္ခော) သကြန်အကျနေ့ထိုး။ ၎င်းလက်ဖွဲ့ကို ရွှေငွေမှာထိုး။

(ဝေမေတံ ခါရယာမိတ) သကြန်အကြပ်နေ့ထိုး။

(မာတာယ ထာနိယံပုတ္တံ)သကြန်အတက်နေ့ထိုး။

သုံးလုံးကိုကြိုးတချောင်းတည်းတပ်ပြီး ကွမ်းရာငှ၊ငှက်ပျောငှဖီး၊ လဘက်ထုပ်ငှ၊ မုန့်ငှရှက်၊ အုန်းငှစိတ်၊ ပေါက်ပေါက်ဆန်ပန်းတင်၍ မန္တာန်စုတ်။ ဥုံ ကေပုတ္တာ မနုရက္ခော၊ ဥုံဝေမေတံခါရယာမိထ၊ ဥုံမာတာယထာ နိရာပုတ္တံ၊ ၁၀၀၀ စုတ်၍ဆောင်၊ဣတ္ထိလိုသော် ၎င်းလက်ဖွဲ့ကို ရောင်မှာထိုး၍သွား၊ ငိုလိုက်၏။ မယုံလျှင်စမ်းကြည့်လေ။ ခုနစ်ရက်သားသမီး မြင်လျှင်ချစ်ခင်၏။ နတ်ချစ်၏။မီးဖောက်လည်းမထွက်။ ပွဲတော်။

၀....၀

## ပိယဆေးလိပ်ဓန်း စီရင်နည်း

ဥုံအထက်သိကြား၊ အောက်နဂါး၊ ဩင်းဗုဒ္ဓရက္ခိတ၊ ကြိမ်သို့နှလုံး ကြိုးသို့ထုံးသွားဟု သွားဟ။ ငင်းမန္တန်နှင့် နတ်စင်ရှေ့မှာ ဆေးလိပ်ကို ၃၇-အုတ်စုတ်၍။ မိမိ ချစ်သူကိုပေး။ ဆေးလိပ်ကိုကိုင်၍ နမ်းမိလျှင် သောက်လျှင် အချစ်မပြေနိုင်၊ ဆေးလိပ်ကို မပေးသာလျှင် မိမိကိုယ်တိုင် ကူငြေပျက်လိမ့်မည်။ ဆေးလိပ်ကို လေညာကနေ၍ အငွေ့လွှတ်။ ဆေးငွေ့ရလျှင် သမ်းပြီးလာလိမ့်မည်။ မိမိဆန္ဒပြည့်စုံပြီဟု မှတ်ပါလေ။

## အနုကုန်တိုက်

ဥုံနမောသီဝလိ ရာဇာဟောမေတ္တာ၊ ဟောကရုဏာဟောရာဇာ ဟောပူရိသာ ဟောက္ကတ္တိယာ ဟောလာဘံ၊ ဥုံဂုရု ဂုရုသွားဟ။ ဥုံကက်ခေမံ ကာဝုံကာရော မမံကာကော ခတ္တိယဗြဟ္မဏော စ။ က္ကတ္တိယော စ ပုရိသော စ မမံကာကော၊ အာဂစ္ဆန္တိ ဟောဟော ဘုဉ္စာဟိ ဘုဉ္စာဟိ၊ ငင်းမန္တာန်နှင့် ရေမွှေးနံ့သာငါးပါးရေ တခုခုတွင် ၃၇-အုတ်မန်း၍ ကုန်ကိုပက်ဖျန်းသော် ကုန်စွန်၏။ အစာအဟာရကိုမန်း၍ တိရစ္ဆာန်ကိုကျွေးသော် မိမိကို ချစ်နေ၏။ ဆေးလိပ်ကိုမန်း၍ ပေးသောက်မိလျှင် ချစ်နေ၏။

☆

## သူရဿတီရုပ် စီရင်နည်း။

စန္ဒကူး၊ နံ့သာဖြူ၊ ပဲနံ့သာစေး၊ ကန့်ဘလူဥ၊ ပန်းညို၊ ငှင်းဆေး ၇ပါးကိုစု၍ ညက်စွာကြိတ်၍ နေသွေ့အောင်လှမ်းပြီး၊ သူရဿတီနတ်သမီး ပုဆစ်တုတ်ဟန်၊ လက်နှစ်ဖက်ကပေါင်ပေါ်မှာတင်ဟန်၊ ဆံပင်တွဲလယားကျ၊ စည်းပုံဆောင်ဟန် ထုပြီး မန္တာန်စုတ်၊ ဥုံ သူရဿတီ လှသိင်္ဂိ ဒေဝီနှမ နတ်မိန်းမ။ ယခုငါခေါ် ငါ့လက်ပေါ်ကို၊ ကတော်မမ ကြွစေသော်၊ ဥုံရှေပတ္တိယံ အာကာယံ ဒေဝါဒေဝငါနှမ ခဏမကြာရောက်စေသော်၊ ဥုံဗုဒ္ဓေါ ဗုဒ္ဓံ သံယော ပတ္တိယော၊ ရှင်စောအာစက်မိန့်မှာချက်ကို၊ ထိပ်ထက်ယှက်ပန် ငါ၏ထံသို့ အမြန်ရောက်စေသော်၊ ဥုံဘုမ္မာဒေဝငါ့နှမ၊ ခဏမကြာရောက်စေသော်၊ ဥုံမေတ္တာပါရမီ ကူညီဖြေပ၊ ငါ့နှမ။ ဥုံတိဿအဟံ ဥုံပညာအဟံ၊ ဥုံနာဂံနာဂေါ ဝတ္တိယော ချဉ်းဆရာချဉ်း ကပ်ဆရာကပ်၊ ဥုံနမော သိဒ္ဓိ သီဝလိရာဇာ ဟေမေတ္တာ ဟေကရုဏာ သုရိယာနေမင်း လမင်းစန္ဒာ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်။ ဟေဟေ၊ ငှင်းမန္တာန်နှင့် ၃၇ အုတ်စုတ်၍ဆောင်လေ၊ သိဒ္ဓိ ၃-ပါးပြီး၏။ ဆရာတော်နည်း။

## ဣန္ဒာသယ အင်းစီရင်နည်း။

| | | |
|---|---|---|
| ဥုံ | ကြိ | ကြာ |
| ၁၂၃ | ၄၃၅ | ၁၂၃ |
| ဧဩ | ထွ | ဂ့ါ |

ဎင်းအင်းကို။ ရွှေ–ငွေ– ကမ္ဗဝါ ကြေးပြားတွင် လက်ဖွဲ့ထိုး၍ ဂုဏ်တော် ကိုးပါးနဲ့ ၃၇–အုတ် စုတ်ပြီး ဆောင်သော် ၇–ရက်သားသမီးချစ်ခင်မြတ်နိုး၏၊ ကုန်မစွန်သော်နံ့သာရေမှာစိမ်၍ ဖျန်းပေး။ မီးမဖွားနိုင်သော် စုန်ရေမှာ ၎င်းလက်ဖွဲ့ကိုစိမ်၍တိုက်။ မျက်စိနာသော် ၎င်းလက်ဖွဲ့ကို ရေမှာစိမ်၍မျက်နှာ သစ်လည်းသစ်ခပ်လည်းခပ်။ စုန်း၊ နတ်၊ သူရဲ ပူးကပ်သော် ညကမိုးရေမှာ စိမ်၍တောက်။ မြေဘုတ်၊ မြေကြမ်းကိုင်သော် ရေစိမ်၍ဘိုက်၊ မီးလောင်သော် ဆီမှာစိမ်၍လူးပေးပျောက်၏။

## စကားဝါပွင့် စီရင်နည်း။

စကားဝါပွင့် ၃–ပွင့်ကိုယူ၍၊ ရေစင်အောင်သုံးခါဆေးပြီးကလပ်ပေါ်တင်၍ဘုရားရှေ့တော်မှာမန္တာန်စုတ်။ ဥုံသုရဿတီ မေဝသွန္တိ ငါဿ၊ အယံနာဂေါ–အဇ္ဈယဝသံ၊ ဒွေသဗ္ဗရတ္တိံ သွားဟ၊ ၃၇အုတ်စုတ်ပြီး၊ ဘုရားမှာတပွင့်တင်၊ မင်းမာဂရိနတ်ကိုဘပွင့်တင်၊ တပွင့်ကိုမိမိခေါင်းအုံးအောက်မှာထား။ ညတွင်းခြင်းအိမ်မက်ပါလိမ့်မည်၊ မမြင်ရမနေနိုင်အောင်ချစ်ခင်စုံမက်၏။

## အကြွမ်းတိုက်ပီယစီရင်နည်း။

မိမိချစ်ခင်သော မိန်းမကျင်ငယ်စွန့်သည့်မြေကိုယူ။ တဗူးဝါးကြည်တောက်မှာထည့်ထား၊ ယောက်ျားကျင်ငယ် စွန့်သောမြေကိုယူ၍ ၎င်းကြည်တောက်တွင် ထပ်၍ထည့်ပြီး မန္တာန်စုတ်။

ဥုံစိတ္တံသိန္နေဟ သွားဟ။ ၃၇-အုတ်စုတ်ပြီး။မိမိအိပ်ရာအောက်
က ဇောက်တိုးမြှုပ်ထားလာရ၏။ ကြာကြာထားလျှင်ရှူးတတ်
၏။ ဆင်ခြင်လေ ဆရာတော်ဦးပဏ္ဏနည်း။

### အိုးကွဲပီယစီရင်နည်း။

အင်္ဂါနေ့မှာ ထိခိုက်၍ကွဲသော အိုးကွဲကိုယူ၍၊မိမိလိုသော
သူ၏ နံမည်ကိုရေး၍ ဥုံသက္ကောလောဟရိသေယံ၊ ဣတ္ထိ
ပထဝီသွားဟ။ ၃၇-အုတ်စုတ်ပြီး။ မိမိအိပ်ရာအောက်မှာ ပက်
လက်မြှုပ်ထား။ မလာစေလိုသော်၊ မှောက်ရက်မြှုပ်ထားလေ၊
ပီယကျော်ပွဲတော့။ ဆရာကြိုင်နည်း။

### ယိုးဒယားဆရာကြီးလက်ဖွဲ့ စီရင်နည်း။



ငှင်းအရုပ်ကိုလက်ဖွဲ့တို၍ဆောင်၊ကုန်
စွန်လိုသော် ရေစိမ်၍ ပက်ဖျန်းထွက်၏၊
မိုးသီးသက်မုန်တိုင်း ပြင်းစွာ ကျသော်၊
လှေဦးမှာတင်ပဲ့စင်မှာထား၊ လေလိုင်း
ငြိမ်၏။ ငှင်းလက်ဖွဲ့ကို ရေစိမ်၍မျက်နှာ
သစ်သွားသော် ၇-ရက်သား- သွီးချစ်
ခင်စုံမက်၏။ ဘေးရန်ကင်း၏။ရာဇသဗ္ဗ
ရှိုကောင်း၏၊ ယိုးဒယားနည်း။

### သူရဿတီဆေးကြီးဖော်နည်း။

ပိတောက်မှို....ပုဏ္ဏရိပ်-ကုလားရမ္မလီ- ကတိုး- ဖုမ္မသိန်....
ဇလပ်နီ- ဇလပ်ဖြူ- နံ့သာငါးပါး-ပန်းဥ ကန့်ဘလူ....

စကားပွင့် ပဲကတိုး ပဲနှံ့သာစေ ၎င်းဆေးကိုအမျှစီစု၊ ၎င်း
နောက်။ စပါယ်၇-ပွင့်ခရာ၇-ပွင့်၊ မြတ်လေး ၇-ပွင့်၊နှင်းပန်း၇
ပွင့်၊ ဂမုန်းကြက်သွေး၊ ၎င်းဆေးကို ကြိတ်သော ကာလပွဲဖွဲ
ဖြင်၍၊ ဖျင်ဖြူ-ဖျင်နီ။ မိန်းမအဝတ်အစား အစုံတင်၍၊နံ့သာ
ငါးပါးရေ, နံ့သာဆီ,ရေမွှေးတို့နှင့် ကြိတ်ပြီး အတောင့်လုပ်
၍ထား၊ အပျိုကညာ လက်ပေါ်မှာတင်၍ခေါ်။ ဥုံ အို သူ
ရဿတီ နတ်ပြည်ရောင်ဆင်း၊ ကျော်စောခြင်းနှင့် သတင်းထိန်
ဆူ၊ ကျွန်းဇမ္ဗူတွင် ပြိုင်သူဖက်ရှား။ ဘုရား သာသနာတော်
အတွင်းမှာလျှင်။ ကြုံလာခဲ့ပြီး၊မယ်ဒေဝီတို့သွားလေရာရာငါ့ကို
သာလျှင်။ မာတာမိခင် ချစ်ကျွမ်းဝင်၍၊ ကိုယ်တွင် မပြတ်
စောင့်ပေတတ်သည်။ ဩြောင်းသဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩြောင်း
သဗ္ဗဓမ္မာနုဘာဝေန၊ဩြောင်းသဗ္ဗသံဃာနုဘာဝေန၊ဩြောင်း
ဇေယျတု-သဗ္ဗမင်္ဂလံ သိရိသိရိ-တိဋ္ဌတုတိဋ္ဌတု-ကျွန်ုပ်ကိုရင်အုပ်
မကွာ မစေသော်၊၎င်းမန္တာန်နှင့် ၇-ခေါက် ခေါ်ပြီးနောက်
အတီးအမှုတ် စုံလင်စွာနှင့် ရွှေပုခက်ပေါ်တွင် ဆေးကိုတင်၍
ကျူးရမည့်မန္တာန်ကား။ ဇမ္ဗူကြက်သရေ ရွှန်းရွှန်းဝေသည့်
အောင်မြေဒီပါ ကျွန်းလက်ျာဦ။ မဟာကုသလ သောဘဏဟု၊
ဒါန-သီလ ဘာဝနာလည်းရွှတ်ခါစီးဖြန်း ကမ္မဋ္ဌာန်းကို ရွှင်
လန်းသဒ္ဓါ စေတနာနှင့်၊ မေတ္တာဝေငှ မိမယ်လှတို့ ကြွရောက်
စေချင် ပွဲစုံဖြင့်၍ ကြည်လင်စိတ်က ဝေသမျှဖြင့် ရစေခုသော်၊
အပေါဝတ ကောင်းကြီးပျော်ပျော် သာမုံခေါ်လျက်။ ပျော်
ပျော်ပါးပါး ကျွန်ုပ်အားကို နှုတ်ဖြားလျှာက မြဲစောင်မ
သည်၊ ဒေဝစကျွ ထောက်မျှော်ရှု၍ အောင်ဆုတံသိက်၊နတ်

တံဆိပ်ဖြင့် ခပ်နှိတ်ခဲ့မှတ်၊ ပွဲတင်အပ်၍၊ ကပ်လျှင် ထင်ရှား ရောက်စေသားဟု၊ ခုနှစ်ပါးနှင့် ကိုးပါးဒေဝီ၊ ဆယ်နှစ်လီကို ညီညီသာညာ ရှည်ကြရာသက် ထပ်ချပ်ပညာ— ဘောဂ-ဓနဝိယသိဒ္ဓေ ဖြစ်ပါစေဟု၊ စေ့ရေမကြံ တောင်းဆုပန်လျက်၊ သွင်းနှံပွဲအပ်-မြဲစေကြပ်သည်၊စွဲကပ်ရောက်ကြကုန်လော။ မေရုရာဇိန် တောင်နာဂိ ံတက်၊ ရှိန်သမ္ဘာလျှမ်း နတ်ကြာငှန်းက ဖြန့်ဖြန်းစကြာ လှည့်ခဲ့လာ၍ ဇေဇာမောက်ဖြိုး၊ တန်ခိုးကြီးဘိ သုာတီဟု၊ ပြာသာဒ်ဘုံဝယ်၊ လွန်တင့်တယ်သည်၊ မွေးမယ်မိ နတ်ခေါ်ပညတ်သည်၊ ကိန္နရာဟု သမ္ဘာဘုန်းရှိန် ဣရုနသိ တွင်မည်နာမ၊ ရာဇဂုရု၊ ခေါ်မှုသညာကိန္နရာဟု ကိုးဖြာရွှေညီ ဒေဝီနတ်ရှင်၊ သဇင်ခရာ စကားဝါစပယ်၊စွယ်တော်ရင်ကပ် ဇလပ်အင်ကြင်း။ ရင်းမာရွှေဖီ၊ နှင်းဆီဒေါနုံ၊ သော်ကစူကာ မာလာပိတောက်၊ ကြက်မောက် ကြက်ရုံး၊ ပုန်းညက်မိုးစွေ၊ သင်းခွေခုညို၊ လေချိုဆောင်သွင်း၊ သင်းသင်းကြိုင်လောင်း ပန်းပေါင်းစုံစွာ၊ မွှေးနှံ့သာကို ခေါင်းမှာပန်ဆင် လှပ ယဉ်သည်။ မိခင်မယ်ဖွား၊ နှမများတို့ သနားချစ်ခင် ကြင်နာ စိတ်ဇော၊ မနေပြတ်ထမ်း၊ ရှင်လန်းဝမ်းမြောက်၊ ယခုရောက် ၍ မျက်မှောက်ထင်ထင်ပြုလျက် သိမှုထင်စွာ ဣဋ္ဌာသယ ဆေးသြသဓကို ခဏာခုပင် လက်ဝယ်တင်သည်။မိခင်ကြည့်ရှုမပါ လော။၃၇-အုတ်ကျူး၍ထား။နောက်မှော်သွင်းလိုသော အခါ ငှင်းဆေးကို စုတ်ရုည့်မန္တာန်ကား၊ဥုံဂဟပတိဒေဝီ မေမာတာ မာတာ စ ဂဟပတိဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ- လာဘန္တံ ဂဟပတိဒေဝီ။

ဥုံ သူရဿတီဒေဝီ-မေမာတာ မာတာစသူရဿတီဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ သူရဿတီဒေဝီ။

ဥုံ စန္ဒိဒေဝီ မေမာတာ မာတာစ စန္ဒိဒေဝီ။ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ စန္ဒိဒေဝီ။

ဥုံ စန္ဒာဒေဝီ မေမာတာ မာတာစ စန္ဒဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ စန္ဒာဒေဝီ။

ဥုံ ကုန္ဒာဒေဝီ မေမာတာ မာတာစ ကုန္ဒဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ ကုန္ဒာဒေဝီ။

ဥုံ မိန္ဒရာဒေဝီ မေမာတာ မာတာစ မိန္ဒရဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ မိန္ဒရာဒေဝီ။

ဥုံ ကိန္နရာဒေဝီ မေမာတာ မာတာစ ကိန္နရဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ ကိန္နရာဒေဝီ။

ဥုံ ကုရံနသိဒေဝီ မေမာတာ မာတာစ ကုရံနသိဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ ကုရံနသိဒေဝီ။

ဥုံ မဏိမေခလာဒေဝီ မေမာတာ မာတာစ မဏိမေခလာဒေဝီ၊ အနုကမ္ပံ ဥပ္ပဇ္ဇနံ လာဘာန္တိ မဏိမေခလာဒေဝီ။ ၎င်းဆေကို ယူခုပြခဲ့သော ကိုးဂါထာနှင့်စုတ်ပြီး ဒေဝီခမှာ် သွင်းပါလေ၊ ပီယ,ခန,သိဒ္ဓိ ပြည့်စုံပါ၏။

## မနောဟာရီလင်္ကာဝန်းထုံး ဆေးစီရင်နည်း။
## လင်္ကာဆိုအံ့။

ရသေ့ဇော်ဂျီ တပသီတို့၊ လောကီမှီရာ မိန့်ခဲ့မှာသည်။ နောင်လာလူများ အမျိုးသားတို့ မှတ်သားစုံစီ၊ မနောဟာရီ ပန်းကုံးမည်ခေါ်၊နတ်ဆေးကျော်ကို ဖော်တုံအစ၊ ကူသရမူလီ ဇလပ်နီနှင့်၊ တလီစမြိတ်ပုဏ္ဏရိပ်တည်း၊ သစ်ပီတောက်မှို၊ယူလို များကြီးလျှာ၊ ပါသည်စပါးကြီးသည်းခြေ။ လောင်းလေ ညှိ့ချက်၊ ကောင်းစွာဘက်လော့၊ မွှေးလျက်ကြိုင်စွာ နံ့သာ ငါးပါး၊ ထိညွှားကတိုးစက် သွင်းလိုက်ဖုမ္မသိန်၊ တူချိန်ပါ ငြား၊ ဆဲ့ငါးပါးကို ကြိတ်ငြားသောခါ၊ တောနက်ရာဝယ်၊ ဝိုင်း၍ရာဇမှတ်၊ ကာတုံလတ်၍ မပြတ်ထွက်သူ၊ ဝင်သူမရှိ၊ ထွန်းညှိဆီမီး၊ တသီးသံစုံ၊ တီးမှုတ်ကုန်လော့၊၊ သံစုံမကြွင်း၊ ပွဲစုံခင်း၍ပြီးလျှင်သောခါ၊နတ်များလာအောင် ဂါထာမန္တာန် ရွတ်ပြန်သချာ၊ ဆရာကြူး၏၊ ဆိုလေသံသာ၊ နတ်များလာ အောင်၊ ပင့်ခေါ်ဆောင်မှ ညက်အောင်ကြိတ်သူ၊ ဝတ်ဖြူစင် ကြယ်၊ လမ်းလယ်တုံမှု၊ မွှေးလှုကြိုင်စွာ နန်းသာပန်းမှန်၊လိမ်း ကြံတို့မှာ မွှေးစွာထုံသင်း၊ ကောင်းခြင်းမင်္ဂလာ၊ မဟာသူရဿ တီ၊အညီခကွာ၊ပူဇော်ပါ၍ လျှင်စွာမဒန္နး အရှေ့တူယူ မျက်နှာ မူ၍၊ ရွတ်ထတဖန်၊ ကူစ္ဆ တံပတ္တိတံ၊သဗ္ဗယံတံ မယု ခိပ္ပမေဝ၊ သမိဇ္ဈန္တု၊ သဗ္ဗပူရန္တု၊ သက်ပွေ။ သန္တော မန္တရသော၊ မဏော ဇောတရသာယထာ၊ ရွတ်ပါခုနစ်ဖန်၊ ကြူးပြန်ညီညာ၊ ထွားထွားညက်ညက် ကြိတ်ပြီးသော်။ နေ့စက်လဝန်း ပုံလွှမ်း

တူစွာ ပြားပြီးခါမှ ကောင်းစွာထည့်ငြား၊ ရွှေဖလားတွင် ကလပ်တင်၍၊ ပြီးလျှင်တဖန် စုတ်ရန်မှာကား၊ ဥုံဗုဒ္ဓကရဏာယ ရွှေစက်။ နှင်တို့ရှေ့က၊ ဝါသနာတတ်သော ပညာ မနေသာ၊ ဟဲ့ ဇော်ဂနီ၊ ကပ်ပေဆရာကပ်ပေ၊ ဥုံဓမ္မကရဏာယ ရွှေစက်နှင် တို့ရှေ့က၊ ဝါသနာ တတ်သောပညာမနေသာ။ ဟဲ့ ဇော်ဂနီ ကပ်ပေဆရာကပ်ပေ၊ ဥုံသံဃကရဏာယရွှေစက်၊ နှင်တို့ရှေ့က ဝါသနာ တတ်သောပညာမနေသာ၊ ဟဲ့ ဇောဂနီ ကပ်ပေဆရာ ကပ်ပေ။ စုတ်လေ ၃၇-အုတ်မန်းမှုတ်ပြီးမှ၊ ကောင်းစွာယူ၍ နေပူမပြန်ရိပ်တွင်လှမ်းထား၊ ဆောင်တုံငြားက၊ အကျိုးများစွာ ယောကျ်ားမိန်းမ သဗ္ဗဒေဝါရာဇာဖြဟ္မ-သက္ကဖြဟ္မာသမာဒေဝ ပယာပါအားနတ်ကကြည်ညို ချိုသုံးပါးပင် ပြီးလေကျင်၍ ချစ်ခင်သနားဝမ်းတွင်းသားသို့၊လ်မ်းငြားကိုယ်မှာ လာဘ်သပ္ပ ကာ ရောက်လာအပါး လွန်ပေါများလိမ့်၊ မိန်းမ ပဋိသန္ဓေ မဖွားနေသော် မဟာဂီရိရေနှင့် သွေးလေပြီးခါ နဖူးမှာလျှင် မှန်ကူပါက၊ လျှင်စွာခဏ ဖွားတုံရ၏။ လွတ်ထပြီးလျှင်ဆေး ရွှေစင်ကို ရေတွင်ဆေးစေ တထွေဆူးငြောင့် စူးတုံဝင်ရောက် လတ်သော်၊ အပေါ်ကတွက် ဆူးငြောင့်ထွက်၏။ မသက်မသာ သူငယ်နာကို နို့မစို့လျှင်၊ ထိုမိခင်ကို၊ နို့တွင်သုတ်ထားစို့တုံ ငြားအံ့၊ တခြားတောအုံ သွားပြန်တုံလျှင် မျက်စိတွင်ကွင်း ကြည့်တုံလတ်မူ တောသူလူကောင်း၊ ချိ၍ဆောင်က ချောင် တုံမသွား နေတို့ငြားရှင့်၊ တပါးသည့်ပြင် အိုးခွက်မြင်မူ သွားလေဟူက လာဘ်လျှင်ရအံ့။ ဆောက်ထအိမ်ရာ၊ သိလိုပါ လျှင် နားဆောင်တွင်း၌ သုတ်တွင်မျက်စိ ဝမ်းတည်းမှန်စွာ

ထိုမြေမှာလျှင် နားထောင်ကြည့်မူ ကြူကြူငိုသံ မဆောက်ဖြန့်ရ၊ မောင်းသံဗုံသံ ကြားတုံပြန်သော်၊ သူတော် သူကောင်း ကျိန်းအောင်းနေရာ မှန်စွာဌာန ဆောက်ကုန်ကြလေ့၊ ထိုမှတဖန် မောင်းတီးသံလျှင် ကျားတို့ကျင်းမူ မင်းဟူနေရာ မှတ်တို့ပါလေ့၊ တခါပတ်စည် ကြားပြန်သည်မူ ဆင်းရဲသူတို့ နေမူရာဌာန ဖြစ်တုံကြ၏။ မှန်လှမယွင်း မျက်စိကွင်းမူ ချက်သူဖော်ဟောင်း ကောင်းသောအကြံ ပြောဆိုပြန်၏။ တဖန်စုန်းနတ် သူပြုလုပ်ငြား ရုပ်ထား နာမ်ထား အင်းထား အင်းမြှုပ် အယုတ်တမာ ပြုစားလာမူ နာသူကိုပင် မွေးမိခင်၏ ရင်ခွင်ပေါ်မှာ ပွေ့ကာပိုက်ထား ကွင်းငြားမျက်စိ ကြည့်တုံလတ်မူ ပြုသမျှကို မြင်ရကေန် ယူတုံပြန်မှ အမှန်မနွေးရေဖြင့်ဆေးကာ၊ ပျက်တုံပါလေ့၊ တခါစုန်းနတ် မှိတုံလတ်လျှင် မျက်စိတွင်း၌ ကွင်းကြည့်ငြား၊ သူတပါးဖြင့် တခြားဝေးစွာ နေစေပါမူ မှန်စွာသဘော ပုန်း၍ပြော၏၊ ကညာပျိုစင် ချစ်စေချင်လျှင် ချက်အောက်တွင်၌ ဝလျှင်ကွင်း၍ သွားလတ်ကမူ ကြိုက်သည့်ခိန်းမရ၏။ ကာမဂုဏ်ပြည့်စုံ၏၊ ဆောင်တုံကိုယ်မှာ အိပ်သောခါလျှင် ထင်ထင်ပြတ်ပြတ် အိပ်မက်ကောင်းစွာ ပေးလျှာတချက် ဆိုချက်မမှား၊ သုံးရန်များကို လင်္ကာဆို၍၊ နောက်လူနောက်သား အမျိုးသားတို့ မှတ်သားချစ်ဖွယ် စီကုံးသွယ်သီးအံ့ဘွယ်မနောဟာရီ ပန်းကုံးတည်း။

## ကွမ်းအစ်ခန်း ပ ိယစီရင်နည်း။

ကွမ်းအစ်ကို စိမ့်စိမ့်ကြည့်ကိုင်၍ ၎င်းမန္တာန်နှင့် ၃၇-အုတ် စုတ်ထား၊ စားမိသူတိုင်းမိမိချစ်၏။ ဥပုံ တဏှာအစေးဂရုမှေး နှင့်၊ အခေးထံစွာ နှင့်တဏှာသည် တဏှာပျစ်ပျစ်မိန်းမပျက် တို့၊ ကွမ်းရွက်နှ၀ါ၊ ကွမ်းနှ၀ါနှင့်၊ ဟော့တဏှာလည်းကျ တဲ့မိန်းမ ချဉ်းသာချဉ်း ကပ်ဆရာကပ်။ ၃၇ အုတ်စုတ်ထား။

☆

## ဝက်စွယ်နကင်းပိတ်ကို ဂဝံစီရင်နည်း။

ဝက်စွယ်နကင်းပိတ်ကို ဂဝံသုံးရုပ်ကျောချင်းမှီ၍ နေဟန် မျက်နှာဖုံးဟန်ထုပြီးလျှင် ဘုရားရှေ့တော်မှာ ဆွမ်း,ရေချမ်း, ပန်း,ဆီမီး ကပ်လှူပြီးလျှင်-ဘံဗုဒ္ဓေဂါထာကို ၁၀၀၀-စုတ်။ ၎င်းနောက် ဟေတုပစ္စယော ၁၀၈-အုတ်စုတ်။ ၎င်းနောက် ဣတိပိသော ၃၇-အုတ်စုတ်ပြီး။ရွှေကြုတ်ငွေကြုတ်နှင့်ဆောင်။ ဆင်စီး၍သွားသော်လည်း မမြင်နိုင်၊ ၎င်းဝက်စွယ် ဂဝံ ၃ ဆူ မှာ။ ဘုရားခြေတော်စစ်ကို တဆူစီ နောက်ဖက် ဖောက်၍ ဌာပနာပြီးမှ၊အထက်ကပြခဲ့သောဂါထာကို စုတ်ပါ။ ကာယ သိဒ္ဓိ,ပီယသိဒ္ဓိ, မနသိဒ္ဓိပြီး၏။

## နဝရအင်းဆေးစီရင်နည်း။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဗု | ဇေ | ရာ | ဓ | ဇေ | ရာ | သံ | ဇ | မေ |
| မ္ဗ | ၁၅ | ဒ္ဓ | ပ | ၂၄ | မ္ဗ | မ | ၃၆ | ဿ |
| ဘော | ဇာ | ဓ | တော | ဇာ | ဉ | တော | ဒ္ဓံ | ၇ |
| က္က | ဝါ | နှာ | ပိ | ရေ | သွာ | ဗြ | ဝါ | ပ |
| တ္တိ | ဂဝ | န္ဒ | ယေ | | ယာ | ဟ | ဂဝ | ဟ္မာ |
| ဒေ | မ | သော | ဝါ | ဟုံ | ပိ | ဒေ | တိ | ဂ |
| မေ | နံ | ဘော | ဘူ | ဝါ | နှာ | မ | ရိ | က္က |
| ဟာ | ၃၆ | ဒ္ဓံ | ရာ | ၂၄ | မာ | ဗ္ဗ | ၁၅ | နော |
| ဓ | ဂံ | မ | ဒေ | ဒါ | ရာ | ဟ | တ္တိ | သ |

ဇာတိတ်ဖိုလ်၊ လေးညှင်း၊ နံ့သာဖြူ၊ ကရမက်၊ ပန်းဥ၊ ကန့်ဘလူ၊ ပန်းညို၊ သစ်ကျပိုး၊ ဥပသကာ၊ ဘုမ္မသိန်၊ ငင်းဆေးစုကို တမတ်စီစု၍ ငင်းဆေးအချိန်ရှိ ကတိုးထည့်၍ နှင်းရေနှင့်ကြိတ်။ ဆေးကြိတ်သောအခါ ငင်းအင်းကိုကျောက်ပျဉ်မှာချ၍ ဆေးကိုကြိတ်၊ ကိုးခါအင်းချ၊ ကိုးခါဆေးကြိတ်၊ ဆေးကြိတ်

သော် ထွက်နကွဲတ်ကြုံစေ။ ဆွမ်း,သင်ပုပ်ရေချမ်း,ပန်း,ပေါက်ပေါက်နှင့် နတ်ပွဲစုံလင်စွာ ခင်းကျင်းတင်မြှောက်ပြီး သာသနာငါးထောင်စောင့်သော နတ်ကြီးကိုပသပြီး ဆေးကို ကြိတ်ပြီးနေသွေ့အောင်လှမ်း။ နေသွေ့လျှင် ရွှေဆိုင်းကိုးချပ်ချပြီးလျှင်။ ရွေးလုံးခန့်လုံး၍ မန္တာန်စုတ်.... ဥုံဗုဒ္ဓတေဇေ-ဓမ္မရာဇာ။ ဓမ္မတေဇေ-ဥပရာဇာ။သံဃတေဇေဒ္ယာမ္မမေဒ္ဒ။ ဣန္ဒာဒေဝါသောတ္ထိနာမ၊ ပီယာဝါယေ ပီယေသွားဟု၊ဗြဟ္မာဒေဝါပဟာပတိမေဒ္ဓ ဓနမဟာ ဘောဂ ဘုမ္မာဒေဝါ်ရာ-ရာနာဒါ။မခနောဟာရိ သဗ္ဗကြတ္တံ။ ၎င်းမန္တာန်နှင့် ၀၈-အုတ်စုတ်ပြီးလျှင် လူတယောက်လျှင် သုံးလုံးကျဆောင်ထား။ ရာဇသိဒ္ဓိ, ပီယသိဒ္ဓိ, ကာယသိဒ္ဓိ ပြီးမြောက်၏။ ပွဲတွေ့ကျော်။

ခ:ဝ:ဧ

မန်းကျည်းကျိုးဝေါင်း ၈၀ စီရင်နည်း။

မန်ကျည်းကျိုးပေါင်းကိုဂဝံမျက်နှာဖုံးဟန်ထုပြီး၎င်း၈၀ ရုပ်ကို နံ့သာငါးပါးရေတွင်စိမ်၍ ဘုရားရှေ့တော်မှာ မန္တာန်စုတ်။ ဥုံဘန္တေ ၈၀ ပတိ မနိလစတ္တာ ၊ သုဘာသိတံ-အင်္ဂါရသာ လုဝဏ္ဏတံနမာမိတိ။ ဥုံသမိုင်းအညာယ ရာဇာ ဗန္ဓာဝိ နယျတိ။ ၎င်းမန္တာန်နှင့် ၁၀၀၀-ပြည့်အောင်စုတ်၊၎င်း၈၀ ရုပ်ကိုနှိုးရန်ကား....ဥုံအတ္တေအတ္တေတသ။၈၀ ပတိဆရာပိကုတောင်။

ကာ လေလော ပိဿနခါ-ဓသုဝါရေယျ၊ ဓာရေယျဓာရေယျ ထဆာရာတ ရပ်ဖြဟွာရပ်၊ ၃၇-အုတ်စုဝ်ရှ်ဆောင်။ ပိယသိဒ္ဓိ မနသိဒ္ဓိမြောက်၏။

## မဟာမြိုင်ဆေးစီရင်နည်း။

နံ့သာဖြူ၊ ၎င်းအနီ၊ ကြံဇုသီး၊ ဇလပ်နီ၊ ပုဏ္ဏရိပ်၊ ပိတောက်မှိုး ကုလသရမ္မူလီ၊ ကျားကြီးလျှာ၊ ဂမုန်းကြက်သွေးကြီး၊ ဂမုန်းကြက်သွေးကလေး၊ ကတိုး၊ ဘုမ္မသိန်၊ ၎င်းဆေး ၁၂ ပါးကို မင်းမာဂီရိနတ်အုန်းရည်နှင့် ကြိတ်ပြီးလျှင် သူရသတီရုပ်လုပ်လေ။ ၎င်းသူရသတီရုပ်ကို ပုခက်ပေါ်တွင် ပိတ်ဖြူခင်း၍ အပေါ်က မျက်နှာကြက်မိုးလေ။ လေးတိုင်စင် ဆောက်၍ ကျောက်ပျဉ်,သနပ်ခါး,ပဝါ,ပုဆိုး, အင်္ကျီ၊နားဋောင်း၊ လက်ကောက်၊ ပုတီး,မှန်, ဘီး,အုန်း, ငှက်ပျော ပွဲစုံခင်း၍ ကျူးရမည့် မန္တာန်ကား။ အို-အို ဆံထုံးတော်သခင် ပန်းပေါင်းဆင်သည် ဆံပင်ငယ်မှ၊ ဆံထုံးအုတ်ရှစ်လုံးနှင့်ပန်းမျိုးစုံစီ သရဖီအင်ကြင်းပျဉ်းနှင့်ပိတောက်၊ ပေါက်နှင့်ရင့်မာ၊ မာလာဆန်းထူး၊ လေကြိုင်ငယ်ကျူးသည့် ပန်းထူး ပန်းမွန်။ ဂေါသဇင်လေရင်။ ယင်မြန်လို့အေး။ သုံးပန်လှခေါ် ရွှေနုရင်နှင့် မရွှေငယ်ဆန်းထူး။ သွီးတော်ခံယူငယ်။ သထုံသူရှင်သွေး သိကြားမြေးကို။ ရွှေပုခက်နှင့်ကျူးငယ်လေ။ကျူးငယ်လေ။ ရွှေနံ့သာပျိုဝါဘယ်ဆေးကို ပျော်ကြောင်းလွှဲအေး။ သိကြားတမန်လက်

ဆောင်ခံ။ စန္ဒာရင်သွေး သိကြားမြေ၊ ရွှေပုခက်ကယ်နှင့်ကျူး ရက်လေး ကျူးရက်လေး။ သာသနာ့ငါးထောင် ဆေးမြတ် ခေါင်က၊ ဘာဆေးကိုကွယ် ပျော်ပျော်ကြောင်းလွဲအေးလည်း ရင်ရင်အေး။သံပြိုင်ဆင်လေ။ဒေဝါကျူးဘော်လေ ဒေဝါကျူး ဘော်လေ ပြစ်စုံမြူးကြည့်လေ-ပြစ်စုံမြူးကြည့်လေ။ ၎င်းမန္တာန် နှင့်၃၇အုတ်ကျူးလေ၊ဆေးအကျိုးကားစုန်းယောင်နတ်ယောင် အထွေထွေအထူးထူးထင်ကဲ့သော်။ခွေးစားကျွင်းရေနှင့်တောက် လေ။လိမ်းလေထင်ရှားစွာပျောက်လေ၏။စုန်းနတ်မြေဘုတ် ချစ် စေလိုသော် မင်းမာဂိရိ ရေနှင့်ဖျော်၍တိုက်လေ။ သုည ၉ လုံး စီထိုးလေ။ တရပ်တကျေးသွားသော် နဖူးဆံစပ်မှာ မှန်ကူလေ။ မိန်းမ မီးမဖွားနိုင်သော် မင်းမာဂိရိရေနှင့် ဖျော်၍တိုက်လေ။ ချက်က အောက်ဆီးစပ်အထိ သပ်၍ချပေးပါက သားဖွား၏။ သားဖွားသော် ရေနှင့်ဆေး၍ပြစ်ပါလေ။ မဟာမြိုင်ဆေးကြီး ပြီး၍။ (မဟာမြိုင်ဆေးကလေးတက်လိုက) မဟာမြိုင်ဆေးကြီး ဒီ၊ ဂမုန်းပေါင်း ၂၀-ထပ်၍လောင်းပြီးကြိတ်လေ။ အထက်က ပြခဲ့သော အကျူးနှင့်ကျူးလေ။ ဆေးအမည်မှာ မဟာမြိုင်က လေးဖြစ်၏။ အကျိုးကား။ မင်းစိုးရာဇာသမား လူကြီးလူငယ် မြင်မြင်သမျှ မျက်နှာမြင်က ချစ်ခင်သနား မေတ္တာများ၏။ ထိုးရမည့်အက္ခရာကား။ ဥုံဒေဝမေတ္တံ ဟောပိယံမမ ဥုံသဗ္ဗ ဒေဝ ဇော်ဂနီ ဟောမိတ္တ ပိယံမမ။၎င်းအက္ခရာကို အထက်ပိုင်း မှာထိုး။ ၎င်းမဟာမြိုင်ကလေးဆေး ၂၀ နံ့သာဖြူ ၎င်းအနီ ဒီ စီ။ လူပျိုပန်သည့်ပန်း။ အပျိုပန်သည့်ပန်း။ ရွာနတ်တင်သော ပန်း။မင်းမာဂိရိတင်ပန်း။ နတ်ကသည့်ပန်း။ ၎င်းဆေးစုကို နတ်

အိုးရေ၊ နံ့သာရေ နံ့သာဆီ တမူးစီထည့်၍ မိန်းမ အသုံးအဆောင်ပါ ပါစေ။ ငါးပါးသီလခံယူပြီးမှ ငှင်းဆေးကိုကြိတ်ပါ။ အထက်ကစုတ်နှိုးသည့်အတိုင်း လုပ်လေ။ ဆေးအမည်မှာ ဒေဝ ၇-ပါးဆေးတည်း။ ဒေဝ ၇-ပါးမှော်သွင်းလိုသော်။ ငှင်းအတိုင်းသွင်းလေ။ ပွဲမှာ ၇-ပွဲပါစေ။ ၇-ပါးဒေဝမှော်ပြီး၏။ ပထမဆေးရင်းကို စေတီထု ဓာတ်တော်စစ်ကိုဌာပနာ၍ကမ္မဝါဖတ်၊ အနေကဇာတင်ပြီးထား၊ အကျိုးကား၊ စုန်းတိုက်၊ တစ္ဆေတိုက်၊ ဖုတ်တိုက်၊ ဘီလူးတိုက်၊ အတိုက် အခိုက်မျိုးကိုနိုင်၏။ အမြဲဆွမ်းတော်ကို မပြတ်ကပ်လှူပါ။ ပထမဆေး ၁-ကုဝေရနတ် ကြာဖက် ဆောင်ဟန် လက်ခြောက်ဖက်နှင့်နောက်လှည့်၍ကြည့်ဟန်ထု၍ ရွှေ-ငွေ ကြုတ်နှင့် ထည့်၍ဆောင်။ စုတ်ရန် မနွှာန်ကား။ ဥုံ လှတံလှသဠပေါင်း၊ သောင်းတံ လောင်၊ ကျံတံလောင် ကျောက်တံ အဲဟဋ္ဌသွားဟ။

ငှင်းမနွှာန်နှင့် ၃၇-အုတ်စုတ်။ နောင်အရေးရှိလျှင်၊ စုန်းတိုက် နတ်တိုက် သိလိုသော်။ ကြုတ်ကိုဖွင့်၍ လက်ပေါ်မှာတင်၍ထား၊ တိုက်ရာအရပ်ဘက်ကို။ မျက်နှာ လှည့်သွားလိမ့်မည်။ နံ့သာရေနှင့်ရေချိုး၍ လှည့်ရာအရပ်ကို ရေနှင့်ပက်။ ဘယ်အတိုက်မျိုးမှ မခံနိုင်ကောင်း၏။ ဆောင်လိုသော် မျက်နှာပန်းသားကြုတ်နှင့်ဆောင်။ ပထမဆေးရင်း ၁၊ ဆေးဒါန်း ၁။ ပေါင်းပြီးကြိတ်၊ ဝိုင်းဝိုင်းပြားပြားစက်ဝန်းပုံ လုပ်၍ ထား၊ ငှင်းဆေးပြားပေါ်မှာ၊ နေ-ဒေါင်းရုပ်ရေး၊ တဖက်က၊ စမ္ဗန္ဓဝ

ပထမအင်းကိုချ။ ငှင်းဆေးရင်း ဝိ၊ ကန့် ဝိ-ပေါင်းပြီးကြိတ်။ စက်ဝန်းလုပ်၊ ငှင်းဆေးပြားပေါ်မှာ လ-ယုန်ရုပ်ရေး၊ တဖက်က စမ္မန္တဝပထမအင်းချ။ အရုံမန္တာန်ကား။ ဥုံစန္ဒာယော လာဘံဘာဇိသံသတိ ယုန်ရုပ်မှာ ရုံပါလေ။ ဥုံသူရိယောမဟိဒ္ဓိ ကောဘဝိသသတိ။ ဒေါင်းရုပ်မှာရုံပါလေ။ သမားဟူသမျှတို့မှာ၊ နေကျော် လ ကျော်ကိုဆောင်။ ခုနစ်နံ့ထည့်၊ ပထမ မဟာမြိုင်ဆေး ဝိ၊ ပြုန်ပေါင်း ဝိ၊ ကျိုးပေါင်း ဝိ၊ နံ့သာငါးပါး ဝိ-စီ ငှင်းဆေးကို ပေါင်း၍ကြိတ်ပြီး ဂုဏ်တော် ၉-ပါးနှင့် ၃၇-အုတ်စုတ်။ ဒေဝဒြသထ ဆေးကြီးဖြစ်၏။ ဒေဝဒြသထဆေး ဝိ၊ ဂမုန်းပေါင်း ဝိ၊ မင်းပေါင်း ဝိ၊ နံ့သာမျိုးငါးပါး ရေနှင့်ကြိတ်ပြီး။ ဣတိပိသော ဂုဏ်တော်နှင့် ၃၇-အုတ်စုတ်။ သာသနာ ငါးထောင်ဆေးကြီးဖြစ်၏။ သာသနာငါးထောင်ဆေး။ ဒေဝဒြသထနတ်ဆေး။ ငှင်းနှစ်ပါးကို မှော်ပုံဟူသမျှတိုက်လေ၊ သောက်လေ၊ ပထမ မဟာမြိုင်ဆေး ၁ ပဲ၊ လေ့ကား ၃ ထစ်ကဂျိုး၊ ကျွဲမြီး ၇ ချောင်းကဂျိုး၊ သင်္ချိုင်းက မီးသွေးပြာ၊ လူရိုး ငှင်းမြေကြီးခမြင်းတိုင် လောက်သေကောင် ၅၀၀၀၊ ယင်သေကောင် ၅၀၀၀။ ကနုတ် ခုနစ်ချောင်းကဂျိုး၊ ခွေးစားခွက်ထဲကရေ။ ဝက်စားခွက်ထဲကရေ။ ဘိနပ်နောက်မီးသွေးသည့်ရေ။ ငှင်းရေစုနှင့် တဇူးဝါကြည်တောက်ထဲသို့ ထည့်၍၊ တဇပုဆိုးနှင့်ပိတ်ပြီး၊ ရေအိမ်သွားသည့်လမ်းမှာ ၇ ရက်မြှုပ်၊ ၇ ရက်စေ့ သော် ဖော်၍ယူ၊ တံငက် လက်ပြန်ရေနှင့်ကြိတ်။ စုန်းလုံ နတ်ဆေးနှင့် စုန်းရောင် နတ်ရောင်ရှိကဲ့သော်၊ ထိုးလေ။ ငှင်းဆေးကို ထိုးလေသော် စုတ်ကား။ ၇ သင်္ချိုင်းက သံကို ယူ၍

စုတ်လုပ်၍ တိုးလေ၊ စုန်းနတ် တစ္ဆေတို့သည်၊ အထွေထွေ အထူးထူးပြုကဲ့သော် ၎င်းဆေးနှင့် တောက်၊ လိမ်းလေ၊ နာနာ ရှပ်အကုန်ပေါ်၏။ မဟာမြိုင် ရှစ်လုံးကွဲပြီး၏။

## အိမ်မြှောင် အမြီးနှစ်ခွ ဆေးခပ်နည်း။

သုရဿတီဆေးရင်း၊ အိမ်မြှောင် အမြီးနှစ်ခွ၊ ပဒိုင်းအမွှာသီး၊ စပါးကြီးချက်ညို့ စိန့်သာငါးပါး။ ၎င်းဆေးအစုကိုအမျှစီရ၍ ပွဲစုံတင်၊ ငွေ ၂၅ ပါစေ၊ မီးမဝတ် အကြို လုံချည် ပုတီး လက်ကောက် အစုံပါစေပြီး ၎င်းဆေးကို ကြိတ်ပြီးလျှင် နေသွေ့အောင်လှမ်း၊ ၎င်းနောက် ကလပ်ပေါ်တင်၍ မန္တာန်စုတ်။ ဥုံ ရာဇာသဗ္ဗဋ္ဌာနံ ပီယံမမ။ သကလသုဒ္ဓိနံပီယံမမ၊သကလမဟာရာဇာနံ ပီယံမမ၊ သတ္တာဒေဝ မနုဿာနံ ပီယံမမ၊ သဗ္ဗသတ္တာရ ဝိနာသန္တု အသောသတော၊ မြောင်း ဟောတိ ပထဝိနာဂါ သဂါရာ မဏိမေခလာနံ ပီယံမမ၊ ရုက္ခဒေဝါနံ ပီယံမမ၊ ဘုမ္မဒေဝါနံ ပီယံမမ၊ ယက္ခဒေဝါနံ ပီယံမမ၊ အာကာသဒေဝါနံ ပီယံမမ၊ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်။ ၎င်းမန္တာန်နှင့် ၃၇



အုတ်စုတ်ပြီး။ နက္ခတ်အဝင်ကို ရွေးချယ်၍၊ အိမ်မြှောင်အမြီးနှစ်ခွပုံကို လက်မောင်းမှာ အဆင်း အတက်ထိုးလေ။ ၎င်းအိမ်မြှောင်ပုံအတိုင်း လက်ျာလက်ဝဲမှာ အဆင်းအတက် ခေါင်းချင်းဆိုင်ပုံကို ထိုးပါ။ ပေါင်

တွင်းသိုကပ်တွင် ထိုးအုံသော အိမ်မြှောင်ဆေးကား။ မြောက်ဖက်ရှင်မ လက်ဝဲဆေး ၄ပဲသားထည့်၍၊ သို ကပ် တွင်၊ အိမ်မြှောင်ရုပ်ကို လက်ျာ—လက်ဝဲမှာ အိမ်မြှောင် ခေါင်းချင်းဆိုင်နေဟန်ထိုးပါ။ အလွန်ပီယကောင်း၏။ ပွဲတွေ့။

## သူရဿတီဆေးကြီးစီရင်နည်း။

စန္ဒကူးနီ၊ ၎င်းအဖြူ၊ ရိုတုံ၊ ဥပသကာ၊ ပန္နူ၊ ပမ္မ၊ ပန်းဥ၊ ကန့်ဘလူဥ၊ ပန်းညို၊ ပဲနံ့သာစေ့၊ ပဲစိမ်းနီ၊ ၎င်းဆေးစုကိုဆတူ ပေါင်း၍ကြိတ်၊ နေသွေ့အောင်လှမ်း၊ နေသွေ့လျှင် အုန်းငှက်ပျော၊ ကွမ်းဆေးလဘက် ပိတ်ဖြူ ပိတ်နီခင်း၊ ပုတီး၊ လက်ကောက်၊ ဘီး၊မှန်၊ထမီ၊ အင်းကျီအစုံ မိန်းမအဝတ်အစားစုံလင်စွာ တင်မြှောက်ပြီး မန္တာန်စုတ်။ ဥုံ သဗ္ဗရာဇာ ပီယံမမ၊ သကလရာဇာနံ ပီယံမမ၊ သဗ္ဗမနုဿာနံ ပီယံမမ၊ သဗ္ဗက္ခတ္တိနံ ပီယံမမ၊ သဗ္ဗဒေဝါနံ ပီယံမမ၊ သဗ္ဗဥပရာဇာနံ ပီယံမမ၊ သဗ္ဗအမစ္စာနံ ပီယံမမ၊ သဗ္ဗသတ္တရု အသေသတော၊ ဟောန္တုနံ၊ ပထဝီ နာဂေ၊ သာဂရေ မဏိမေခလာနံ ပီယံမမ၊ ရုက္ခဒေဝါနံပီယံမမ၊ အာကာသ ဒေဝါနံ ပီယံမမ့၊ ၎င်းမန္တာန်နှင့် ဘုရားရှေ့ နတ်စင်ရှေ့၊ အထိကရသစ်ပင်ရှေ့မှာ ၃၇ အုတ်စီစုတ်ပါလေ။ ၎င်းနောက် ဆေးကို ပုခက်ပေါ်မှာ တင်ပြီး မန္တာန် ကြူးလေ။ သြောင်း နမောမေ မာတာ အဟံဝန္ဒာမိ။ မမသူရဿတီ။ ဥုံ သံသာရ ဘဂဝတော သံသရာ ဘဝထက်၌ ဖြစ်ပျက်များစွာ ဒေဝစန္ဒိ သူရဿတီ နတ်သမီး၊ သားကြီး ငါ့ခေါ်

သည်တကား။ အိုမယ်ဘွားဖြစ်တွေ၊ အမေမိုးသူ၊ မိညက်ဖြူ၊ ရှင်ဖြူနွဲ့နွဲ့ လာပါကဲ့လော့။ ဥုံပုပ္ပအစရှေ့ဘ၀က၊ အဟ၊ ငါ၏။ မာတာ၊ အမိဖြစ်ခဲ့ဘူးသော သူရဿတီ နတ်သမီးသည် ငါ၏ရှေ့ကနေ၍ အောင်ဗိုလ်ငါ့တို့ ပေးစေသော်။ အိုနတ်သမီး၊ သားကြီးငါခေါ်သည်တကား။ အိုမယ်ဘွား ထက်ဖျားမြင့်စွာ ၀တိန်သာက မာတာမိခင် အလျှင်တစော ရောက်စေသော်။ ကြောင်းဟေဟေအာဂစ္ဆန္တု အာဂစ္ဆတ္တု၊ ၀င်ဆရာ၀င်။ ၃၇-အုတ် ကျုံးပြီးနောက် အသက်သွင်း။ မန္တာန်ကား- ဥုံနမောဗုဒ္ဓဿ ဥုံနမောဓမ္မဿ၊ ဥုံနမောသံဃဿ၊ ယဿဗုဒ္ဓါဝိဇ္ဇာရကော၊ ဓမ္မရာဇာ တထာဂတော၊ သူရဿတီမဟာဒေ၀ါ သိဒ္ဓိနိရာနမော နမော။ ၇၇-အုတ် အသက်သွင်း၍ဆောင်။ ရာဇသပ္ပကုဏ္ဍ အလွန် ကောင်း၏။

## ပေတလူနတ်ဆေးနည်း။

ဇာတိတ်ဖိုလ်သီး၊ လေးညှင်း၊ စမုံမျိုးငါးပါး၊ ကန့်၊ ကရဝေး သီး၊ ငှင်းအရွက်၊ ကန့်ဘလူဥ၊ အိပ်မွှေ့သီး၊ သိန္ဓော၊ ပြဒါး၊ ကလောသီး၊ ချိုးသီး၊ ဇော်ဂျီဦးထုပ်။ ကြဇုံသီး၊ တောင်လုံး ကျော်၊ သစ်ကျပိုး၊ တောရှောက်၊ ကနဖို၊ သက်ရင်းကြီး၊ ကြာ ဖက်ကြီး၊ ကြာဖက်ငယ်၊ သက်ရင်းကတိုး၊ တောကြက်သဟင်း၊ သီသခွန်၊ ဆေးဒါန်း၊ ကန့်တိုက်၊ သစ်ဆွဲလဲ၊ ဖွားဘက်၊ ဗုဒ္ဓ သရဏ၊ နွယ်ချို၊ ကြာဟင်း၊ ဇလပ်နီ၊ ဇလပ်ဖြူ၊ တောဇလပ်

ရှိန်းခို၊ စံပါးကြီးသည်းချေ၊ ငှင်းညို့ချက်၊ နံ့သာမျိုးငါးပါး၊ ကတိုး၊ ဘုမ္မသိန်၊ ပရပ်၊ မန်းညို၊ ပုဏ္ဏရိပ်၊ က္လသရမူလီ၊ ဂမုန်း ပေါင်း၊ သမက၊ တပဆေး။ ပိတောက်မှို၊ ခပေါင်းရေကြီး၊ လက်ထုပ်ကြီး၊ အောင်လဲ၊ ဆေးဝင်ရိုး၊ ငုရွှေ၊ ပိတ်သင်ဂတ်၊ သုံးပန်လှ၊ စတုခါး၊ ဇင်ရွေးဖြူ၊ ကလိန်၊ ဇောင်ချမ်း၊ စစ် သိန်း၊ သစ်ကြီး၊ ရင့်မာ၊ ဘိန်းနွယ်၊ မြင်းဂေါင်းနှာရောင်၊ အုံဒုံး၊ အုန်းနှဲ၊ သင်းဝှင်ပေါက်ဖြူ၊ ရှင်ပါကူ၊ ရှင်ကစ္စည်း၊ ဇင်ရွေးနက်၊ ဇင်ရွေးနီ၊ ဘုမ္မရာဇာ၊ ကပ်ဖို နွားမြက်ရင်း၊ တမာရွက်၊ နနွင်းဥ၊ ကြက်သွန်နီ၊ ပဲစိတ်ဖြူ၊ သဂ်ဆိတ်၊ မနို၊ ဩဃ၊ ဥပသကာ၊ မျောက်ဆိတ်၊ ပျဉ်းတော်သိမ်၊ ဆေးကင်း ပိန္နဲ၊ ဥသျှစ်၊ ခွေးတောက်ကြီး၊ ခွေးတောက်သိန်၊ ပျဉ်တော်ခွ၊ ဆေးဝါကြီး၊ မဒူးစိ၊ ကုက္ကို၊ တွင်းနက်ကြီး၊ တွင်းနက်ငယ်၊ ရိုးဒုံး၊ ချောင်ချား၊ နပဲ၊ မျက်နှာပန်း၊ ဆေးဝက်အူ၊ ကြက် ရှာ၊ ပိတောက်နှစ်၊ ပန်းဥ။ မိုးနံ၊ လင်းနေကြီး၊ စင်တုံ၊ မဟာ ကာ၊ ကြိုကတုတ် ၃-ပါး၊ ယင်းပျား၊ ရှားဇောင်းပင်လုံး၊ ယင်း ကကြီး။ ငှင်းဆေးကို အမျှစီစုပေါင်းပြီး ကြိတ်၍ အတောင့် လုပ်၍ထား။ ဆေး၏အာနိသင်ကား။ စုန်းဖမ်းသော် ငှင်းဆေး ကို ဆီနှင့်ဖျော်၍ မီးထွန်း ဘောင်းပန်လာရ၏။ မတောင်းပန် လျှင် စလောင်းသစ်ငှင့်ထည့်၍မီးတိုက်၊ စလောင်းတွင်ဆေးလူး ၍ မီးမှာကင် စုန်းမသေ၏။ အပင်းကျစေလိုသော် မင်းမာဂီရိ နတ်အုံးရေနှင့်ဖျော်၍တိုက်အပင်းကျ၏။ စုန်းမလာစေလိုသော် မင်းမာဂီရိနတ်အုံးရေနှင့်ဖျော်၍ သူနာကိုလိမ်း ပူးလာကပ်လာ လိမ့်မည်။ လိုရာကိုမေးလျှင်ရ၏။ အမူခပ်သိမ်း ဆောင်ရွက်လို

သော် မင်းမာဂီရိရေနှင့်ဖျော်၍ နဖူး ဆံစပ် နှုတ်ခမ်းကိုလိမ်း၍ သွား။ အမှုခပ်သိမ်းပြောတိုင်းအောင်၏။ ခပ်သိမ်းသောလူအပေါင်း ချစ်စေလိုသော်မင်းမာဂီရိရေနှင့်ဖျော်၍ နဖူးမှာမှုန်ကူချက်မှာသုတ်လိမ်းသော်အမြိုးတိုင်ချစ်ခင်၏။နှလုံးသည်းခြေပျက်၍ရူးသော်၊ နတ်တိုက်ရူး၊ စုန်းဘိုက်ရူးသော်၊ ထလို့ ပြေး၍ရူးသော်၊ တီတီတာတာစကားချွတ်ယွင်း၍ရူးသော်၊ ရင်ကိုဆိတ်၍ရူးသော်၊ ရင်ကိုထု၍ရူးသော်၊အပုပ်အကင်းထ၍ အစားကျူးသော်၊ ရင်ကြိုရင်ကြား သတ်နှက်သကဲ့သို့ရှိသော်။ ချက်တွင်ဆွေ့ ဆွေ့ ခုန်သော်၊တစေ့ စေ့ ကြည့်၍နေသော်။ထိုအနာတို့ကိုချမ်းသာစေလိုသော်၊ ငှင်းဆေးနှင့် ကျင်ငယ်ရေဖျော်၍လိမ်းနှာနှပ်လေ ပျောက်၏။ အပင်းလုံးတက်သော်၊ ကြောင်ပန်းရွက်နှင့် ဆေးရေကိုသွတ်၍ရိုက်ချကျ၏။ ၎ကြ၏။ သရောကအာဏာပေး၍တိုက်၊ မြွေကိုက်သော် အထက်ကဆီး၍ချ၊ မီးမဖွားနိုင်သော် မှုန်ကူ။သူငယ်ငို၍ နို့မစို့နိုင်သော် ငှင်းဆေးကိုသုတ်။ ဝမ်းကျသော် လက်ညှိုးကိုဆေးသုတ်၍ဆီးစပ်ကချက်တိုင်လိမ်း၍ချ။ ငါးဆရာတကားဆို၍လိမ်း။ စုန်းဖမ်းသော် တံစက်လက်ပြန်ရေနှင့်တိုက် လိမ်းလည်းလိမ်း နှာနှပ်လေပျောက်၏။

ပေတလူနတ်ဆေးကြီးပြီး၏။

....း၀း....

## ရှောသားလက်ညှိုးစီရင်နည်း။

ရှောသေသားလက်ညှိုးကို ပိတ်ဖြူခုနစ်ထပ်ထပ်၍ တကြိမ် တည်းပြတ်အောင် ကိုက်ဖြတ်၍ယူ။ယူသောအခါ ၎င်းလက်ညှိုး ကို လိုက်၍တောင်းလိမ့်မည်။တောင်းလျှင်မပေးနှင့် အရယူခဲ့ပြီး ၎င်းလက်ညှိုးကို နေမှာလှမ်း။ လှမ်းသောအခါမှာ ကွန်အုပ်၍ လှမ်း။ ခြောက်သွေ့လျှင်ကလေးရုပ်ပြုသစ္စာထု၍။ သိမ်,ဘုရား, နတ်စင်,သင်္ချိုင်း,ရေဆိပ်,အထိကရသစ်ပင်, လမ်းလေးခွ၎င်း ၇ဌာနမှာ မန္တာန်စုတ်။ဥုံ ဩြောင်း သူရိယာနေမင်း,လမင်းစန္ဒာ ရာ။ အာကာသိကြား,သနားမြတ်လေး။ မွေးသည့်သားကို။ရှေ့ တော်ရပ်၍ မတ်လင်လပ်သေး။ဩြောင်းမာတာ ဩြောင်းပိတာ သိနေ့ပြ။ဘဝတုပတ္တဝ ါရို့။ ၎င်းမန္တာန်နှင့် ၃၇-အုတ်စုတ်ပြီး နောက်။ အနှိုးကား။ဥုံပုတ္တပုတ္တ သားလှလက်ညှိုး။ သတိုးရာ ဇာ ငါ့အာဏာ မကြာခဏတည်စေသော်။ငါ၏ခိုင်းရာငါစေ ရာ မကြာခဏသွားစေသော်။ မန္တာန်နှင့် ၃၇ အုတ်စုတ်လေ၊ ၎င်းနောက် ခလေးရုပ်ကို ကြုတ်နှင့်ထည့်၍ဆောင်။ မင်းစိုးရာ ဇာထံသို့သွားရောက်မူ လက်ညှိုးထိုး၍ထိုသူသည် မင်းအဖေဟု ဆို၍ ဝင်သွားလေ။မိမိဆိုတိုင်းပြီး၏။ မိန်းမကိုတွေ့မူ နင့်အမေ ဆို၍သွား။ မိမိလိုတိုင်းရ၏။ အလုံးစုံပြီးမြောက်နိုင်၏။ သစ္စာ တည်ပါစေ သတိထား၍ဆောင် ပျောက်တတ်၏။ ပွဲတွေ့ ပိယကျော်။

....ံဝံ....

## ပုခက်လက်မ စီရင်နည်း။

မိန်းမငယ်သေသော ပုခက်လက်မကိုယူ၍ မိန်းမရုပ် လက်အုပ်ချီဟန်ထု၍၊ နံ့သာရေမှာ တညစိမ်ပြီးမှ မန္တာန်စုတ်၊ ဥုံရာဇာဝါ-မဟာဒေဝီဝါ၊ ကုဏ္ဍဝါ။ ပုရိသောဝါ။ ရဇီတာံဝါသုဝဏ္ဏံဝါ၊ မဟာလာဘံဝါ။ဟေဟေအာဂစ္ဆန္တု သွားဟာကပ်ဆရာကပ်။ ၎င်းမန္တာန်နှင့် ၁၀၀၀-ပြည့်အောင် စုတ်၍ဆောင်။ မင်းကိုလိုသော်။ နင့်အဘဆို။ မိန်းမကိုတွေ့သော်၊ နင့်အမေဟု ဆို။ အလိုရှိတိုင်းပြည့်စုံ၏။ ပွဲတွေ့ကျော်။

## ရွှေလက်ညှိုးဝဝံ စီရင်နည်း။

ရွှေလက်ညှိုးကိုဝဝံ လက်ကျလက်ပိုက်ဟန်၊ လက်ဝဲလက်ညှိုးညွှန်လျက် လက်ရပ်ခေါ်ဟန်ထု၍၊ဘုရားရှေ့တော်၊ ဆွမ်းပန်းတင်၍စုတ်ရမည့်မန္တာန်ကား။ ဥုံမိမယ် မိမယ်၊ မိမယ်ရင်ခေါင်း၊ငါ့သားအောင်းသည်၊ ညောင်းညာလျက်၊ ဧခေါင်တက်က ရပ်လျက်သာတကား။ ဥုံချားနှလုံးကြိုးသို့ထုံး၏။ ဥုံငမိငမိ ငါ့ကိုမသနားညွှင်းပန်းစွတကား၊ သက္ကသိကြွားငါ၏အားကို ကြည့်ပါလော့၊ ဥုံဖြောင် ခုခုမနေ သိကြွားလာ၍မစေသော်။ ဥုံဘုရားလာ၍ မစေသော်။ ဥုံစက္ခုံစက္ခုံသွားဟာ။၎င်းမန္တာန်နှင့် သင်္ချိုင်းမှာ အကြော် အလှော်ထမင်းမုန့် ငါး အမဲတင်၍ ၄၄-အုတ်စုတ်ပြီး။ ရွှေကြုတ် ငွေကြုတ်မျက်နှာပန်းကြုတ်နှင့်ထည့်၍ ခါးမှာဆောင်လေ။ ၎ဆောင်လေသောအခါ။ ငါ့အမိဆို၍သွား၊ လိုလျှင် အဖကိုခေါ်ချေဆို၍လက်ညှိုးညွှန် လိုရာကိုပင် လက်ညှိုးညွှန်လျက် စေခိုင်းလေသျှုံ ၃-ပါးပြီး၏။

## မြွီးကြောင်စီရင်နည်း။




၎င်းမြွီးကြောင်ကို ကျီးမနား တန်းရှက်ကို ကျီးမနိုးခင်ယူ၍ မြွီးကြောင် လေးခုရေး၍ အိမ်လေး ဒေါင့်တွင် ဆွဲထားလေ။ ကြွက်ကြောက်၏။ ယောဦးစန္ဒိမာနည်း။

## ကုန်တိုက်ဆေးနည်းဗွဲဒွေ။

ပင့်ကူ ဇွဲကျ-အမှိုက် ဇွဲကျ-ထန်းလျက် ဇွဲကျ-အင်းနားရေညှိ-ထင်းကလားမှို-ဖျံသို-၎င်းဆေး ၆-ပါးကို အမျှစီစု၍ နတ်စင်တွင်၊ နတ်ကျောက်ပျဉ် နတ်ကျောက်တုံး နတ်ရေစင်တို့နှင့် နတ်စင်ရေ့မှာကြိတ်၍ အတောင့်သေးသေး များစွာလုပ်ထား၊၎င်းဆေးက တတောင့် လဘက်တထုပ် ဆေးလိပ်တလိပ် ကွမ်းတရာ နတ်ရဲသစ်ပင်မှာတင်၍၊ မန္တာန်စုတ်၊ ဥုံဂဏ္ဍအမုံမှိုသြကာသေ တိဌာဟိ၊ အန္တရာရောခွာသွားဟ။ ၃၇ အုတ်စုတ်ပြီးလျှင်၊ ၎င်းဆေးတောင့်ကိုပုဝါစွန်တွင်အမြဲထုတ်၍ထား၊ ကုန်မစွန်လျှင် ရေစိမ်၍ ကုန်ကိုပက် ကုန်ထွက်၏။

ပိယသိဒ္ဓိစွယ်စုံကျမ်း

နိဋ္ဌိတံ

ဝိဇ္ဇာသိပ္ပ-ဆရာဦးကျော်ရင်

## ကျမ်းပြုဆရာ၏ အမှာနှင့်နိဂုံး

ဤမျှဖြင့် ပီယသိဒ္ဓိစွယ်စုံကျမ်း ပြီးဆုံးပြီဖြစ်လေရာ လောကီပညာဗဟုသုတလိုက်စားသူများ ကျေနပ်ကြလိမ့်မည်ဟု မှတ်ထင်ပါသည်။ ။ဤကျမ်းတွင်ပီယသိဒ္ဓိဆိုင်ရာ မီးထွန်းအင်းတော်ကြီးများ အကြောင်းမညီညွတ်၍ မထည့်သွင်းလိုက်ရပေ။ သို့ဖြစ်လင့်ကစား ကျွန်ုပ်တို့ တည်းဖြတ်ပြင်ဆင်လျက် ထုတ်ဝေပြီးဖြစ်သော လက်တွေ့ရတနာဒီပံ ယတြာခေတ်ရိုက်ကျမ်းကြီးတွင် ရတနာဒီပံပီယမီးထွန်းအင်းတော်ကြီးများ များစွာပါဝင်လျက်ရှိပြီးဖြစ်သောကြောင့် လုံးဝပြည့်စုံသင့်ပြီဟု ယူဆပါသည်။

ယင်းသို့ကျွန်ုပ်တို့ ကြိုးပမ်းအားစိုက်ကျမ်းတစောင်ပြုလိုက်ရခြင်းအတွက် ဘဝသံသရာဖြစ်လေရာဝယ် ဇာနည်ယောကျ်ားဖြစ်တုံငြားလျက် ထွေပြားသိပ္ပ၊ ဂမ္ဘီရဉာဏ် ထက်သန်လျက်သာ ဝိဇ္ဇာသိပ္ပ-လိုသမျှကို မဆွလျှင်စွာ ရလိုပါ၏....မဟာကံကော် ပလ္လင်မော်၌ အကျော်ဇေယျ မိတေးယျရှင်မင်း ပွင့်တုံလျှင်းသော်အလင်းအောင်ပန်း နိဗ္ဗာန်နန်းသို့ ကျွတ်တန်းဝင်ရပါစေသော်။ ။

ဝိဇ္ဇာသိဒ္ဓ–ဆရာဦးဇော်ရင်။